


ICSF Guidebook

**ICSF လမ်းညွှန်စာအုပ်**

# Understanding the Work in Fishing Convention, 2007

# ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာ အလုပ်သမားအခွင့်အရေး သဘောတူညီချက်များ ၂၀၀၇

International Collective in Support of Fishworkers
www.icsf.net

ရေလုပ်သားများအတွက် အပြည်ပြည်ဆိုင်ရာ အထောက်အပံ့စုစည်းမှု

ICSF Guidebook:
Understanding the Work in
Fishing Convention, 2007


**Published by**
International Collective in Support of Fishworkers
27 College Road, Chennai 600 006, India
Phone: (91) 44–2827 5303
Fax: (91) 44–2825 4457
Email: icsf@icsf.net

**Illustrations by**
Sandesh (sandeshcartoonist@gmail.com)

**Printed at**
Nagaraj and Company Pvt. Ltd., Chennai
ISBN 978-81-904590-5-1
© ICSF 2007

ICSF Guidebook

# ICSF လမ်းညွှန်စာအုပ်



# Understanding the Work in Fishing Convention, 2007

International Collective in Support of Fishworkers
www.icsf.net

ရေလုပ်သားများအတွက်
အပြည်ပြည်ဆိုင်ရာ
အထောက်အပံ့စုစည်းမှု

# ငါးဖမ်းဆီးလုပ်ငန်းဆိုင်ရာ သဘောတူညီချက်များ၂၀၀၇ ခုနှစ်

ဤလမ်းညွှန်စာအုပ်သည် ၂၀၀၇ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့ တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့ (ILO) မှ ကြီးမှူးကျင်းပခဲ့သော အလုပ်သမားကွန်ဖရင့် (ILC) မှ ကောက်နုတ်ပြဌာန်းချက်များကို သုံးသပ်၍ ငါးဖမ်းလုပ်ငန်းများနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ သဘော တူညီချက်များကို ယေဘုယျကျကျဖော်ပြလိုရင်းဖြစ်သည်။ အဆိုပါပြဌာန်းချက်များကို ပြင်ဆင်ထည့်သွင်းခြင်း၊ ဖြည့်စွက်ခြင်းများ ခွင့်မပြုပါ။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ (တံငါငယ်များ) နှင့် အဖွဲ့အစည်းများအတွက် ILO ၏ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်းနှင့်အလုပ်သမားဆိုင်ရာ ဥပဒေပြဌာန်းမှုသဘောတူညီချက်များအပေါ် ရှင်းလင်းစွာ သဘော ပေါက် နားလည်စေ ရေး နှင့် လက်လုပ်လှေငယ်များအတွက် နည်းပညာ ရှာဖွေနိုင်ရေး စသော အလားအလာကောင်းများ ရည်ရွယ်ကာ ပြဌာန်း သုံးသပ်ခြင်းပင် ဖြစ်ပါ သည်။



# မာတိကာ


၁။ နိဒါန်း

* ၂၀၀၇ ခုနှစ်ထုတ် ငါးဖမ်းရေလုပ်သားလုပ်ငန်းဆောင်တာ ဥပဒေပြုသဘောတူညီချက်များ။ ..............................................7

၂။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအစည်းအရုံး (ILO)

* အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းဟူသည် အဘယ်နည်း။ ..................................................................... 12
* ILO ကဘာတွေလုပ်ဆောင်သနည်း။ ....................................... 13
* ILO ကိုမည်သို့ဖွဲ့စည်းထားသနည်း။ ...................................... 14
* ILO ၏ သုံးပွင့်ဆိုင်ပူးပေါင်းဖွဲ့စည်းမှုဆိုသည်မှာ........................ 15
* အလုပ်သမားရေးရာအတွက် ILO က မြှင့်တင်ဆောင်ရွက် လေ့ရှိသောပုံစံများ.............................................................. 15
* အကြံပြုချက် (ဝါ) သဘောတူညီချက်တစ်ခုခုကို ILO ၏လက်ခံပံ... 16

၃။ ILO နှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍ

* ငါးဖမ်းလုပ်ငန်းများတွင် ILO ပါဝင်ပတ်သက်မှု............................ 20
* ရေလုပ်သားများစံချိန်စံညွှန်းအသစ်ကို ILO မှ အကောင်အထည် ဖော်နိုင်ခဲ့ခြင်း ........................ ............................................. 22

၄။ ၂၀၀၇ ခုနှစ် ငါးဖမ်းဆိုင်ရာသဘောတူညီချက်များ

* ၂၀၀၇ ခုနှစ်ငါးဖမ်းအလုပ်သမားများဆိုင်ရာ သဘော တူညီချက် ထူးခြားဝိသေသများမှာ.......................................................... 25
* ၂၀၀၇ ခုနှစ်ငါးဖမ်းအလုပ်သမားများဆိုင်ရာ သဘောတူညီချက် အဓိကလိုအပ်သည်များမှာ...................................................... 26
* ရည်ရွယ်မျှော်မှန်းထားသည်များ အောင်မြင်စွာဆောင်ရွက်ရန် သဘောတူပြဌာန်းချက်များ၏ ဖော်ပြချက်များမှာ .......................... 28
* ၂၀၀၇ ခုနှစ်ငါးဖမ်းအလုပ်သမားများဆိုင်ရာ သဘောတူညီချက်ဖွဲ့စည်းပုံ...................................................... 29
* အဆင့်ဆင့်တိုးမြှင့်အကောင်အထည်ဖော်ရေးသို့ ချဉ်းကပ်ခြင်း ...................................................................... 29

၅။ အသေးစားငါးဖမ်းလုပ်ငန်းနှင့်လှေထွင်းသူများ

* အသေးစားငါးဖမ်းလုပ်ငန်းများကိုပင် အလုပ်သမား အခွင့် အရေးစံထားရှိနိုင်မှုအပေါ် အရေးပါ စဉ်းစားသည်မှာ................... 34
* WFC ၂၀၀၇ ပြဌာန်းချက်များမှ အသေးစားငါးဖမ်းလုပ်ငန်း နှင့် လှေထိုးသားများအတွက် အကျိုးကျေးဇူးရှိမှုက မည်သို့ နည်း?..... 35

* WFC 2007 ပြဌာန်းချက်များသည် ငါးဖမ်းလှေများ နှင့် ရေလုပ်သားများဆိုင်ရာကဏ္ဍအားလုံးကို ခြုံငုံမိပါသလား? ..................... 36
* ကမ်းရိုးတန်းနေငါးဖမ်းအသက်မွေးသူများအားလုံးကို WFC ၂၀၀၇ ခုနှစ်ပြဌာန်းချက်များက အကျိုးကျေးဇူးများ မည်သို့ပေးသနည်း?... 38
* ပြဌာန်းချက်များအောက်တွင် ပေါင်းရုံးထားသောငါးဖမ်းရေလုပ်သားများအတွက် အကျိုးရှိစေသလို ၄င်းတို့ကမ်းရိုးတန်းနေမိသားစုများ နှင့် အရပ်သားလူမှုအဖွဲ့အစည်းများအပေါ်လည်း သေချာသော အကျိုးရလဒ်များရှိနိုင်ပါသလား? ............................................. 38


## ၆။ ရှေ့ဆက်လုပ်ဆောင်သင့်သည်များ

* အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ WFC 2007 အပေါ် အတည်ပြုလိုက်နာဆောင်ရွက်ရန်မျှော်မှန်းချက်များ ............................................... 42
* ၂၀၀၇ ပြဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများအဆင်ပြေသော သီးသန့်ပြဌာန်းချက်များရှိပါသလား? ............................................................. 43
* ၂၀၀၇ ပြဌာန်းချက်များအကောင်အထည်ဖော်မှုသည် အရပ်သားအဖွဲ့အစည်းများ နှင့် ငါးဖမ်းလုပ်သားများအတွက် သေချာသော စီမံထားရှိမှု ရှိပါသလား? ........................................................ 43

## ၇။ နိဂုံးချုပ်

* နိဂုံးကောက်နှုတ်ချက်များ ....................................................... 47

# အဖွင့်နိဒါန်း


လှေပေါ်မှ
ကြိုဆိုတယ်ဗျို့.
WELCOME ABOARD !
Social Security
လူမှုဖူလုံရေး
Medical Care
ကျန်းမာရေး
စောင့်ရှောက်မှု
Occupational Safety
လုပ်ငန်းခွင်အန္တရာယ်
ကင်းရှင်းရေး
Conditions of Service
ဝန်ဆောင်မှုအထွေထွေ
Compliance and Enforcement
Food & Water
Recruitment
အစားအစာနှင့်
သောက်သုံးရေ
အင်အားဖြည့်တင်းရေး

**အပြည်ပြည်ဆိုင်ရာအလုပ်သမားအစည်းအရုံး**

**(ILO)**

# ငါးဖမ်းရေလုပ်သားလုပ်ငန်းဆောင်တာ ဥပဒေပြုသဘောတူညီချက်များ ၂၀၀၇ ခုနှစ်

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း (ILO) မှ ၂၀၀၇ ခုနှစ်တွင် ကျင်းပသော အလုပ်သမားကွန်ဖရင့် (ILC) တွင် အစိုးရအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် အလုပ်သမားများ တက်ရောက်ကာ ငါးဖမ်းလုပ်ငန်း ခွင်ဆိုင်ရာ သဘောတူညီချက်များကို အသစ်ရေးဆွဲ အတည်ပြုခဲ့ကြပါသည်။ အဆိုပါသဘောတူညီချက်များ၏ ဦးတည်ချက်မှာ ငါးဖမ်းရေယာဉ်များတွင် အန္တရာယ်ကင်းရှင်းစွာလုပ်ကိုင်နိုင်ရေး၊ သောက် သုံးရေနှင့်အစာရိက္ခာဖူလုံရေး၊ ကျန်းမာရေးအထောက်အကူပြု ဆေးဝါးပြည့်စုံရေး၊ လူမှုအထွေထွေလုံခြုံမှု၊ နေထိုင်မှုကောင်းမွန်ရေး စသော အခြေခံလိုအပ်ချက်များ ပြည့်ဝရေးတို့ပင်ဖြစ်သည်။ ၂၀၀၇ ခုနှစ် ထုတ်ပြန်သောသဘောတူညီချက်များကို လက်ရှိအခြေအနေများထက် ပိုလွန်သော အိမ်ပြန်ခွင့်ပေးခြင်း၊ အလုပ်သမားအသစ်အစားထိုး ခန့်နိုင်ရေး၊ ပင်လယ်ပြင် ငါးဖမ်းစဉ်ကျန်းမာရေးစောင့်ရှောက်မှု၊ လုပ်ငန်း ခွင်အန္တရာယ်ကင်းရှင်းရေး၊ လူမှုလုံခြုံမှုကာကွယ်ရေး နှင့် အမှန်တကယ် လိုက်နာခြင်းနှင့် စောင့်ကြည့်ကြီးကြပ်နိုင်ရေး စသည်ဖြင့် ပြဌာန်း သတ်မှတ်ပေးထားသည်။ ဤပြဌာန်းချက်များသည် ပြည်ထောင်စုနိုင်ငံ အသီးသီးသို့ အဓိကထားဆောင်ရွက်စေလို၍ နိုင်ငံများရှိ မှတ်ပုံတင်ထား သော ငါးဖမ်းရေယာဉ်များတွင် တရားဝင်အမိန့်ထုတ်ပြန်ကြီးကြပ်နိုင်ခြင်း ဖြင့် ပိုလွန်ဖမ်းဆီးခြင်း၊ ပိတ်ပင်ဇရိယာတွင်ဖမ်းဆီးခြင်း၊ နှင့် ငါးတင်/ချ ဆိပ်ကမ်းပိုင်းတွင်စိစစ်လုပ်ဆောင်ခြင်းနှင့် လူမျိုးကွဲအလုပ်သမားစာရင်း စသည်များကို သတင်းရရှိ ကောင်းစွာလိုက်နာနိုင် ပါမည်။

# အပြည်ပြည်ဆိုင်ရာအလုပ်သမားအစည်းအရုံး
# The International Labour Organization
# (ILO)


လုပ်ငန်းရှင်များ
Employers
အလုပ်သမားများ
Workers
ILC
Govt.
အစိုးရအာဏာပိုင်များ

## အပြည်ပြည်ဆိုင်ရာအလုပ်သမားအစည်းအရုံးဆိုသည်မှာ

ILO ဆိုသည်မှာ ကုလသမဂ္ဂ (UN) ၏ အထူးအရေးပါသော အဖွဲ့ အစည်း ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားအခွင့်အရေး ရရှိရေးဌာ လုပ်ဆောင်ပေးသောအဖွဲ့အစည်းဖြစ်သည်။ ၎င်းတို့မှာ လုပ်ငန်းခွင်အခြေအနေ များ နှင့်အတူ သာတူညီမျှအခွင့်အရေးရရှိမှု၊ လူမှုဘဝ ပြည့်စုံမှု၊ အလုပ်သမား အင်အားစု၊ အသက်အရွယ်ကန့်သတ်မှုများ နှင့် အဖွဲ့အစည်းချုပ်ကိုင်မှု ကင်းလွတ်စေရေးတို့ပင်ဖြစ်သည်။

ILO ကို ပထမကမ္ဘာစစ် (၁၉၁၄-၁၈) အပြီး ၁၉၁၉ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ အလုပ်သမားလူတန်းစားထုအပေါ် သင့်တင့် လျောက်ပတ် သော ပြုမူရေးကို အခြေထားဆောင်ရွက်လိုခြင်းမှု ဖြစ်သော် လည်း နောက်ဆုံး အနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းမှုကိုပင် တည်ထောင်နိုင်လိမ့်မည်ဟူသော အမြင်နှင့် ရည်ရွယ်ချက်ထား ဖွဲ့စည်းခဲ့ခြင်းပင်ဖြစ်သည်။

၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂ (UN) ၏ ပထမဆုံး အထူးအရေးပါသော အဖွဲ့အစည်းဖြစ်လာခဲ့ပြီး ပြင်သစ်နိုင်ငံ ဗာဆေးမြို့ ဘဝရှင်သန် ရပ်တည် ရေးဟူသော ဖန်တီးလုပ်ဆောင်မှု မှ အဓိကစတင်ခဲ့ပြီး အခြား နိုင်ငံများသို့ ဂယက်ထရောက်ရှိလာခဲ့သည်။ ILO ဖွဲ့စည်းတည်ထောင်မှု နှစ် ၅၀ ပြည့်၊ ၁၉၆၉ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆု ချီးမြှင့်ခံခဲ့ရ ပါသည်။

ILO သည် စက်မှုလက်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသော မိန်းမ၊ ယောကျ်ား တို့၏ လုပ်ငန်းခွင်ဆိုင်ရာလွတ်လပ်မှု၊ တန်းတူညီမျှမှု၊ လုံခြုံရေး နှင့် လူသားစွမ်းရည်များ ကောင်းစွာရရှိခံစားနိုင်ရေးကို အဓိဌာန်ပြုဆောင်ရွက်ပေးနိုင် ရေးဖြစ်သည်။ အဓိကရည်မှန်းချက်များမှာ အလုပ် အကိုင်မှန်ကန်ရေးတိုးမြှင့်ရန်၊ သင့်တင့်လျောက်ပတ်သော လုပ်ငန်း ဆောင်တာရရှိရေးအားပေးရန်၊ လူမှုလုံခြုံ ရေးတိုးမြှင့်ရန် နှင့် လုပ်ငန်းနှင့် ပတ်သက်သော ထုတ်ပြန်မှုများကို ဆွေးနွေး ညှိနှိုင်းနိုင်ရေးတို့ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုအလုပ်သမားအခွင့်အရေး များနှင့် လူမှုရေးပြဿနာများကောင်းမွန်ရေးတိုးမြှင့်ဆောင်ရွက်ရာတွင် ILO အနေဖြင့် မူလရည်ရွယ်ချက်များဖြစ်သော အေးချမ်းစွာလုပ်ငန်းခွင် ဝင်နိုင်ရေး နှင့် လိုအပ် သောအလုပ်သမား အခွင့်အရေးများပြည့်ဝစွာ ရရှိရေးအတိုင်း ဆက်လက် လုပ်ဆောင်နေပြီး ယနေ့အခါ အထက်ပါ အကြောင်းအရာများကို ILO မှ ကောင်းစွာ ကူညီဆောင်ရွက်ပေးလျက် ရှိခြင်းဖြင့် ခနရှင် နှင့် အလုပ်သမားများ ကြား ချိန်ခွင်လျှာညှိနိုင်ကာ ငြိမ်းချမ်းမှု၊ အကျိုးတူပူးပေါင်း တိုးတက်မှုရှိမည် မှာသေချာပါသည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့အရ ILO အဖွဲ့ဝင် နိုင်ငံပေါင်း ၁၈၁ နိုင်ငံရှိပါသည်။

## ILO ၏ လုပ်ဆောင်မှုများ

ILO မှ အထွေထွေသဘောတူညီချက်များနှင့် အကြံပြုသုံးသပ်ချက်များ ပါဝင်သော အခြေခံလူတန်းစားအခွင့်အရေးဆိုင်ရာ ခြုံငုံလျက် အပြည့်ပြည့်ဆိုင်ရာအလုပ်သမားအခွင့်အရေးစံများကို ပုံစံချ ဆောင်ရွက် ရာတွင် အသင်းအဖွဲ့အုပ်ချုပ်မှုကင်းလွတ်ရေး၊ မှန်ကန်သော ဖွဲ့စည်းမှု၊ အထွေအထွေညှိနှိုင်းမှုများ၊ မတရားခိုင်းစေမှုဖျက်သိမ်းရေး၊ တူညီသော ခံစားခွင့်နှင့်ဆက်ဆံရေး၊ လုပ်ငန်းခွင်ဆိုင်ရာထုတ်ပြန်ချက် များအားလုံး သည် လက်ခံနိုင်သော စည်းမျဉ်းစည်းကမ်းများဖြစ်ရေး စသော အချက်များ ပါဝင်ပါသည်။

လိုအပ်ချက်အရ ILO မှ အလုပ်သမားရေးရာများဖြစ်သော အလုပ်လုပ်ချိန်၊ နာမကျန်းမှုဆိုင်ရာအခွင့်အရေး၊ လုပ်ငန်းခွင်တွင် ထိခိုက်မှု နှင့် ရောဂါကူးစက်မှုကာကွယ်ရေး၊ မီးခိုကလေးငယ်များ ကာကွယ်စောင့်ရှောက်မှု ၊ အသက်အရွယ်ကြီးသူများနှင့် ထိခိုက်ဒဏ်ရာရသူများကို ထောက်ပံ့ရေး၊ မိမိနိုင်ငံမှအခြားနိုင်ငံများတွင် လိုအပ်ချက်အရ လုပ်ကိုင်သူများပေါ် ကာကွယ်စောင့်ရှောက်မှု၊ လူမှုဆက်ဆံရေး အထွေထွေ ပြေပြစ်ကောင်းမွန်ရေး စသည်တို့ကို ဆောင်ရွက်ပါသည်။

နည်းပညာပံ့ပိုးမှုအနေဖြင့် ILO ၏ ကွင်းဆင်းဆောင်ရွက်ချက် များမှာ-

- ပြည်လည်ထူထောင်ရေးလုပ်ငန်းများ နှင့် တတ်ကျွမ်းမှုသင်တန်း
- အလုပ်ခန့်ခြင်း ဥပဒေ
- အလုပ်သမားအထွေထွေအုပ်ချုပ်ရေး
- လုပ်ငန်းအခြေအနေများ
- စီမံရေး ဖွံ့ဖြိုးတိုးတက်မှု
- အလုပ်သမား စာရင်းကိုင်/အင်း
- ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရေး

ILO သည် အလုပ်သမားအဖွဲ့အစည်းနှင့် လုပ်ငန်းရှင်များကြား သီခြားရပ်တည်နိုင်မှုကိုလည်း ဖွံ့ဖြိုးအောင် လုပ်ဆောင်ပေးသည်။ ၎င်းအဖွဲ့အစည်းများသို့ သင်တန်းများပေးခြင်း၊ အကြံဉာဏ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပါသည်။ ကုလသမဂ္ဂဖွဲ့စည်းမှုယန္တရားတွင် ILO သည် အလုပ်သမား၊ လုပ်ငန်းရှင်နှင့် အစိုးရပိုင်းဝန်ထမ်းများ သုံးဦးသုံး ဖလှယ် စုပေါင်းညှိနှိုင်းပါဝင်လုပ်ဆောင်သော တစ်ခုတည်းသော အဖွဲ့ အစည်းဖြစ်ပါသည်။

## ILO အဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်မှု

ILO ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာကွန်ဖရင့် (ILC)၊ အစိုးရပိုင်း (GB) နှင့် နိုင်ငံတကာအလုပ်သမားရုံး စသည်တို့ဖြင့် ဖွဲ့စည်းထားပါသည်။

ILO ကို "အပြည်ပြည်ဆိုင်ရာအလုပ်သမား ပါလီမန်" ဟု ရံခါခေါ်လေ့ရှိပြီး နှစ်စဉ် ဂျနီဗာမြို့တွင် အစည်းအဝေးပြုလုပ်သည်။ အစည်း အဝေးတွင် အစိုးရပိုင်း (၂) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၁) ဦး၊ အလုပ်သမားကိုယ်စားလှယ် (၁) ဦး နှင့် ILO အဖွဲ့ဝင် ပြည်ထောင်စု နိုင်ငံအသီးသီးမှ ကိုယ်စားလှယ် (၁) ဦးစီ တက်ရောက်ကြပါသည်။

ဤအပြည်ပြည်ဆိုင်ရာအလုပ်သမားစံချိန်စံညွှန်းများကို သေချာကျနစွာ စိစစ်ပြင်ဆင်ပြီး၊ ILC ကွန်ဖရင့်တွင် အတည်ပြုလက်ခံ ပါသည်။ ILC မှ အမျိုးသားအဆင့် သို့ အကြံပြုချက်များနှင့် သဘောထားများ အသုံးချခြင်းအပေါ်လည်း လမ်းညွှန်မှုများပေးပါသည်။ ILC အစည်းအဝေး မှန်သမျှအတွက် အစီအစဉ်ကို GB မှရေးဆွဲပါသည်။

အစိုးရပိုင်း (GB) သည် ILO ၏ အရေးပါသော အမှုဆောင်ကောင်စီ အဖွဲ့ဖြစ်သည်နှင့်အညီ အရေးကြီးသော ဆုံးဖြတ်ချက်များကို ပေးနိုင်ပါသည်။ နိုင်ငံတကာအလုပ်သမားစံချိန်စံညွှန်း ဆိုင်ရာ အကောင် အထည်ဖော်ခြင်းများကို GB မှ ကြီးကြပ်ပါသည်။ ဂျနီဗာတွင် တစ်နှစ် (၃) ကြိမ်တွေ့ဆုံပြီး၊ ILO ဥပဒေရေးဆွဲမှု၊ စီမံကိန်းနှင့် ဘဏ္ဍာငွေကြေး တည်ထောင်မှု စတာတွေလုပ်ဆောင်ပြီး အတည်ပြုရန် ILC သို့တင်ပြ ပါသည်။ ၄င်းအပြင် ၅ နှစ် တစ်ကြိမ် ရွေးချယ်သော ညွှန်ကြားရေးမှူးချုပ် ရာထူးကို GB က ရွေးချယ်ပါသည်။ GB ကို ၅၆ ယောက်ဖြင့် ပါဝင်ဖွဲ့စည်းထားပြီး၊ အစိုးရကိုယ်စားလှယ် ၂၈ (ဦး)၊ လုပ်ငန်းရှင်များအဖွဲ့ ၁၄ (ဦး)၊ အလုပ်သမားအဖွဲ့အစည်းမှ ၁၄ (ဦး) တို့ပါဝင်ပါသည်။ အစိုးရ ကိုယ်စားလှယ်များထဲမှ ၁၀ (ဦး) ကို ILO မှ တိုက်ရိုက် ခန့်အပ်ပါသည်။ အကြီးစားစက်မှုလုပ်ငန်းရှင်များအဖွဲ့ ဥက္ကဌများ အနေဖြင့် လက်ရှိ ဖွံ့ဖြိုးဆဲ နိုင်ငံများဖြစ်သော ဘရာဇီး၊ တရုတ် နှင့် အိန္ဒိယ တို့မှဖြစ်ပါသည်။

ILO ၏ သုံးပွင့်ဆိုင်ဖွဲ့စည်းမှုသည် အစိုးရပိုင်း၊လုပ်ငန်းရှင်နှင့် အလုပ်သမားအဖွဲ့ အသီးသီးတို့မှ ညီမျှသောအင်အားဖြင့် အချိုးကျကျ စည်းကမ်းရှိစွာဖွဲ့စည်းထားခြင်းပင်ဖြစ်သည်။ နိုင်ငံတကာအလုပ်သမားရုံး အဖွဲ့သည် ILO ၏ အမြဲတမ်းအတွင်းရေးမှူးတာဝန်ဖြစ်သည်။ နိုင်ငံတကာအလုပ်သမားရုံးအဖွဲ့သည် DG ရွေးချယ်မှု၊ GB ၏ ပြင်ဆင် အကောင်အထည်ဖော်ချက်များ စသော ILO ဆိုင်ရာလုပ်ဆောင်မှုတိုင်းရဲ့ သော့ချက်ဖြစ်သည်။

နိုင်ငံတကာအလုပ်သမားရုံးအဖွဲ့သည် ဂျနီဗာ မြို့တွင် အခြေစိုက်ပြီး၊ လူမျိုးပေါင်း ၁၁၀ ကျော်ပါဝင်သော ဝန်ထမ်းပေါင်း ၁၉၀၀ ခန့်ရှိ ပြီး၊ ကမ္ဘာအနှံ့ ရုံးခွဲပေါင်း ၄၀ ရှိပါသည်။

## ILO ၏ သုံးပွင့်ဆိုင်ပူးပေါင်းဖွဲ့စည်းမှုဆိုသည်မှာ

ILO မှာ သုံးဦးဖလှယ် (ဝါ) သုံးဦးဆိုင် ပုံစံအနေဖြင့်ရှိသည်။ ဆုံးဖြတ်ချက်များချမှတ်လုပ်ဆောင်ရေးယန္တရားကို အစိုးရပိုင်း၊အလုပ်ရှင်အဖွဲ့ နှင့် အလုပ်သမားထုအကြားချပြ၍ လုပ်ငန်းခွင်မှန်သမျှ နှင့် ဆက်စပ်ကိုယ်ထည်များတွင် ခြေစုံတူညီစွာရပ်နိုင်ရေးပင်ဖြစ်သည်။

ILO ၏ သုံးပွင့်ဆိုင်ဖွဲ့စည်းမှုသည် အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ အစိုးရအာဏာပိုင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ နှင့် အလုပ်သမားများ အဖွဲ့အစည်းအားလုံးအတွက် ခြုံငုံမိစေပါသည်။

ILO ဖွဲ့စည်းပုံအရ ILC အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံ အသီးသီးမှ သုံးဦးသုံးဖလှယ်တက်ရောက်ရန် လိုအပ်ပါသည်။ ၎င်းတို့မှာ အစိုးရကိုယ်စားပြု ၂ ဦး၊ စီးပွားရေးလုပ်ငန်းရှင် ၁ ဦး၊ အလုပ်သမား ကိုယ်စားလှယ် ၁ ဦး အပြင် သက်ဆိုင်ရာ အကြံပေးအရာရှိများ ပါဝင် ပါသည်။

စီးပွားရေးလုပ်ငန်းရှင် နှင့် အလုပ်သမား ကိုယ်စားလှယ်များ ရွေးချယ်မှုသည် သက်ဆိုင်ရာအမျိုးသားအစိုးရအသီးသီးမှ ဆုံးဖြတ်အတည်ပြုသော၊ လုပ်ငန်းရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများဆိုင်ရာ ကောင်းစွာဝင်ဆန့်ဆွေးနွေးနိုင်သော သူများဖြစ်ဖို့ လိုအပ်ပါသည်။

## အလုပ်သမားရေးရာအတွက် ILO က မြှင့်တင်ဆောင်ရွက်လေ့ရှိသောပုံစံများ

ILO ၏ အလုပ်သမားရေးရာအပေါ် ကိုင်တွယ်ချမှတ် ဆောင်ရွက်မှုသည် နိုင်ငံတကာအလုပ်သမားကွန်ဖရင့် မှ ကျလာသော ဆွေးနွေးအကြံပေးသဘောတူညီချက်များအတိုင်း လုပ်ဆောင်ခြင်း ဖြစ် သည်။ လုပ်ငန်းအသွယ်သွယ်နှင့်ပတ်သက်သော နိုင်ငံတကာ စံချိန်စံနှုန်း များအပါအဝင် လူမှုရေးရာမူဝါဒများဆိုင်ရာ ရည်ရွယ်ထားရှိမှုများ နှင့် စည်းမျဉ်းဥပဒေများ ကို မှတ်သား၍ မြှင့်တင်အကောင်အထည် ဖော်ခြင်း ဖြစ်သည်။

ILO သဘောတူချက်များသည် နိုင်ငံတကာသို့ချပြကာ အဖွဲ့ဝင်ပြည်ထောင်များ လိုက်နာဆောင်ရွက်နိုင်ရေးကို ဦးတည်ထားပါသည်။ ထောက်ခံအကြံပြုချက်များသည် အချုပ်အနှောင်ကင်းလွတ်သော၊ မကြာခဏ သုံးသပ်ဆွေးနွေး သော၊ အမျိုးသားမူဘောင်နှင့် လုပ်ဆောင်မှုများကို နားလည်သော အနေအထားတွင်ရှိပါသည်။

လုပ်ငန်းခွင်အရေးအရာများအပေါ် ကမ္ဘာအနှံ့ လေ့ကျင့်လိုက်နာဆောင်ရွက်ကြခြင်းဖြင့် နှစ်ဦးနှစ်ဘက်ပြေလည်မှု ခိုင်မာစွာ ရရှိရေးကို ရည်ရွယ်ခြင်းဖြစ်သည်။

## အကြံပြုချက် (ဝါ) သဘောတူညီချက်တစ်ခုခုကို ILO မှ လက်ခံအတည်ပြုပုံ

သဘောတူညီချက်သော်လည်းကောင်း ဝေဖန်အကြံပြုချက်တစ်ခုခုကို လည်းကောင်း အတည်မပြုသေးမီ အဖွဲ့ဝင်များအားလုံးနှင့် အနုလုံပဋိလုံ ဆွေးနွေးညှိနှိုင်းခြင်း၊ နည်းပညာပိုင်းဖြင့်သေချာပြင်ဆင်ခြင်းကို ILO က လုပ်ဆောင်ပါသည်။ မည်သည့်သင့်လျော်မှုကိုစွက်ကိုမဆို ကော်မတီသို့ အစီရင်ခံစာတင်၍ စဉ်းစားဆုံးဖြတ်မှုပေးနိုင်ရေး တွေ့ဆုံခြင်းများရှိပါ သည်။

အစီရင်ခံစာ တစ်ကြိမ်ရတိုင်း ILO မှ ပြဋ္ဌာန်းအတည်ပြုနိုင်ရေးအတွက် စဉ်းစားကာ အခြေခံအချက်အလက်များပါသော မူကြမ်းကို ကော်မတီသို့ တင်ပြ၍ ကော်မတီမှတည်းဖြတ်အတည်ပြုနိုင်ပါသည်။ ဆွေးနွေးညှိနှိုင်းထားသော ၎င်းအချောသတ်မူကြမ်းကို ILO ၏ စည်းမျဉ်းစည်းကမ်း အပိုဒ် ၁၉ အတိုင်း မဲခွဲအတည်ပြုပါသည်။

အလုပ်သမားရေးရာကွန်ဖရင့်၌ ကိုယ်စားလှယ်များ၏ မဲဆန္ဒ ၇၀ ရာခိုင်နှုန်းရှိမှသာ သဘောတူညီချက်များကို အတည်ပြုပြဋ္ဌာန်းပါသည်။ ၎င်းသဘောတူညီမှုများကို အဖွဲ့ဝင်နိုင်ငံအသီးသီး၏အစိုးရအာဏာပိုင် များသို့ချပြ၍ လိုက်နာဆောင်ရွက်နိုင်ရေး တရားဝင်အတည်ပြုထုတ်ပြန် ခြင်းဖြစ်သည်။

သဘောတူပြဋ္ဌာန်းချက်များကို အဖွဲ့ဝင်နိုင်ငံအသီးသီးမှလိုက်နာ ဆောင်ရွက်ရာတွင် နှစ်စဉ်အစီရင်ခံစာအား နိုင်ငံတကာအလုပ်သမား ရုံးသို့ ပြင်ဆင်ပေးပို့ရပါမည်။ ဤတွင် အမျိုးသားဥပဒေပြုမှုဖွံ့ဖြိုး တိုးတက်ရေး စသော လုပ်ဆောင်မှုများအား အထွေထွေသဘောတူ ပြဋ္ဌာန်းချက်များနှင့်အညီ အကျိုးသက်ရောက်မှုအတိုင်းအတာများကို လေ့လာစောင့်ကြည့်ပါသည်။ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများမှ လိုက်နာ ဆောင်ရွက်ရန်မရှိသော ပြဋ္ဌာန်းချက်များအပေါ် တင်ပြတောင်းဆိုနိုင်ပါသည်။ သို့သော် အကြံပြုသုံးသပ်ချက်များကို အစိုးရပိုင်းများကိုယ်စား တရားဝင်ထုတ်ပြန်ပေးခြင်း၊ တာဝန်ယူခြင်းများ ကို လုပ်ဆောင်ခြင်းမပြုဘဲ ၎င်းတို့သည် အစိုးရအာဏာပိုင်များ၏ လူမှုရေး ပြေလည်ရန် အတွက်သာ လမ်းညွှန်ပေးရေးကို ရည်ရွယ်သည်။

# ILO and the Fishing Sector

# ငါးလုပ်ငန်းကဏ္ဍ နှင့် ILO




Fishing-related Conventions

ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်သော သဘောတူညီချက်များ

## ငါးဖမ်းလုပ်ငန်းများဆိုင်ရာ ILO ၏ အခန်းကဏ္ဍ

ILO ၏ ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမား ကွန်ဖရင့် ကို အီတလီနိုင်ငံ ဂျီနိုအာမြို့တွင် ၁၉၂၀ ခုနှစ်တွင် ကျင်းပခဲ့ကာ ၎င်းအချိန် ကတည်းက ငါးလုပ်ငန်းကဏ္ဍရှိ အလုပ်သမားများဆိုင်ရာအရေး အရာများကို သုံးသပ်ဆွေးနွေးခဲ့သည်။ အထူးသဖြင့် အလုပ်လုပ်ချိန် သတ်မှတ်ရေးပင်ဖြစ်သည်။ ထိုတောင်းဆိုမှုအရ အလုပ်ချိန်အား တနေ့ လျှင် ၈ နာရီ သတ်မှတ်ရန် နှင့် သို့မဟုတ်ပါက ရက်သတ္တပတ်လျှင် ၄၈ နာရီ သတ်မှတ် ပေးနိုင်ရေးဖြစ်သည်။ သို့သော် ၎င်းရည်ရွယ်ချက်အား ထိုစဉ်ကာလက အကောင်အထည် မဖော်နိုင်ခဲ့ပါ။

ထိုမှသည် နှစ်ပေါင်း ၄၀ ခန့်ကြာပြီးနောက်၊ ILC မှ ငါးလုပ်ငန်းဆိုင်ရာ သဘောတူညီချက် ၃ ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။ ၎င်းတို့မှာ အသက် အရွယ်ကန့်သတ်မှု **(အမှတ်စဉ် ၁၁၂၊ ၁၉၅၉)**၊ ကျန်းမာသန်စွမ်းမှု ဆေးစစ်ခြင်းဆိုင်ရာ **(အမှတ်စဉ် ၁၁၃၊၁၉၅၉)** နှင့် ရေလုပ်သားများဆိုင်ရာ သတင်းအချက် အလက်များ **(အမစ ၁၁၄၊ ၁၉၅၉)** စသော သဘော တူညီမှုများဖြစ်ကြပါ သည်။

သဘောတူညီပြဌာန်းချက် အမှတ်စဉ် **၁၁၂** အရ အသက် ၁၅ နှစ် အောက်ငယ်သောသူများကို အလုပ်ခန့်ထားခွင့် မရှိစေရေးသည် ငါးဖမ်း ရေယာဉ် များနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးယာဉ်များအားလုံး အကျုံးဝင်သည်။ သို့သော် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းသူများကို ၁၄ နှစ် နှင့် အထက် ချွင်းချက်ထား ခန့်ထားခွင့်ရှိသည်ဟု ဖော်ပြပါရှိသည်။

ပြဌာန်းချက်အမှတ်စဉ် ၁၁၃ သည် ရေတွင်ခုတ်မောင်းသော စီးပွားဖြစ် ငါးလုပ်ငန်းဆိုင်ရာယာဉ်များအားလုံးအကျုံးဝင်သည်။ သို့သော် ပင်လယ် ပြင်တွင် ၃ ရက်ထက်ပိုမနေသော ယာဉ်များ လွတ်ကင်းသည်။ ၎င်းပြဌာန်း ချက်အရ အလုပ်ခန့်သည့် ရေလုပ်သား မည်သူမဆို လုပ်ငန်းခွင်ဝင်နိုင် လောက်သော ကျန်းမာကျန့်ခိုင်မှုရှိကြောင်း ဆေးလက်မှတ် ရှိရမည်။

ပြဌာန်းချက် အမှတ်စဉ် **၁၁၄** သည် အချို့သောငါးဖမ်းယာဉ်အမျိုး အစားများနှင့်မပတ်သက်သော စီးပွားဖြစ်ပင်လယ်ရေကြောင်းငါးဖမ်း ရေယာဉ်များဆိုင်ရာ လုပ်ငန်းရှင်များနှင့် အလုပ်သမားများ၏ အထွေထွေအမြင် နှင့်ဆွေးနွေးမှုအပေါ် အတည်ပြုခဲ့ခြင်းဖြစ်သည်။ သဘောတူညီမှု အချက်အလက်များကို တိကျသော ငါးဖမ်းကာလ သို့မဟုတ် အခြေအနေ ပေါ်မူတည်ပြောင်းလဲနိုင်သောကာလ စသည်ဖြင့်ငါးဖမ်းလှေရှင် နှင့် ငါးဖမ်းအလုပ်သမား နှစ်ဦးလုံး မိမိတို့ အမျိုးသားဥပဒေအတိုင်း လက်မှတ်ရေးထိုးဖို့ လိုအပ်ပါသည်။ ၎င်းအချက်အလက်များသည် အခြား ဆက်နွယ်မှုများဖြစ်သော သတ်မှတ်ပမာဏ လုပ်အားခ ပုံမှန်ပေးခြင်း၊ လုပ်ငန်းသိမ်းချိန်ထောက်ပံ့ ပမာဏ စသည့် အထွေထွေပြဌာန်းချက်များလည်း ပါဝင်ပါသည်။

၁၉၆၆ ခုနှစ်တွင် ငါးလုပ်ငန်းဆိုင်ရာအလုပ်ခွင်သဘောတူညီချက် များကို နောက်ဆုံးသတ်မှတ် ရက်စွဲတပ်၍ ၂၀၀၇ ခုနှစ်တွင် တရားဝင် အတည်ပြု ခဲ့ပါသည်။ ၎င်းတို့မှာ

- ငါးဖမ်းကျွမ်းကျင်လက်မှတ် **(၁၉၆၆ ခုနှစ်၊ အမခ ၁၂၅)**
- ငါးဖမ်းလုပ်သားများနေရေးထိုင်ရေး **(၁၉၆၆၊ အမခ ၁၂၆)**

အဆိုပါသဘောတူညီချက်နှစ်ခုသည် ကမ်းနီးအသေးစားငါးဖမ်း လုပ်ငန်း နှင့် အလေးချိန် ၂၅ တန်အောက်ငယ်သောငါးဖမ်းစက်လှေများ မှလွဲ၍ ကျန်အားလုံး သို့သတ်မှတ်ပါသည်။ မတူညီသောနိုင်ငံအလိုက် လိုင်စင်ပေး စနစ်အရ နောင်တွင် အရှည် ၁၃.၇ မီတာအောက်ငယ်သော လှေများကိုလည်း သတ်မှတ်ပါသည်။ ဤနှစ်ချက်လုံးသည် အကြီးစား ငါးဖမ်းခြင်းလုပ်ငန်းများအတွက် ထင်ထင်ရှားရှား သတ်မှတ်ပေးခြင်းပင် ဖြစ်သည်။

ပြဌာန်းချက် **အမခ ၁၂၅** လိုအပ်ချက်သည် အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူ လိုက်နာဆောင်ရွက်မှုအရ ငါးဖမ်းရေယာဉ်ပေါ်တွင် လိုက်ပါရသော မာလိန်မှူး၊ စက်ကျွမ်းကျင် တို့သည် အရည်အချင်းပြည့်မီ သူများ ဖြစ်ရမည်ဆိုသည်နှင့်အတူ **အမခ ၁၂၆** လိုအပ်ချက်သည် ငါးဖမ်းရေလုပ် သားတို့၏ လုံခြုံ ကောင်းမွန်သောနေထိုင်ရေးပင်ဖြစ်သည်။

လုပ်ငန်းခွင်ဆိုင်ရာလေ့ကျင့်သင်ကြားပေးရေး (ရေလုပ်သား) ထောက်ခံမှု **(၁၉၆၆ အမခ ၁၂၆)** သည် ရေလုပ်သားများဆိုင်ရာ အထွေထွေ သင်တန်း များဖြစ်သော ရေကြောင်းသွားလာမှု၊ ငါးဖမ်းဆီးကိုင်တွယ် မှု၊ စက်ပြင်ထိန်းသိမ်းမှု စသည်တို့အား အလေးထားပျိုးထောင်ပေးခြင်းဖြင့် ပင်လယ်တွင်း အန္တရာယ် ကင်းရှင်းရေးကို ရည်ရွယ်ရင်းလည်းဖြစ် သည်။

အချို့သော ရေကြောင်းဆိုင်ရာ သဘောတူညီချက်များသည် ရေကြောင်း ကုန်သွယ်ရောင်းဝယ်သော ငါးကုန်တင်သင်္ဘောများ လိုက်နာရန် အထွေထွေ ပြဌာန်းချက်များလည်း ပါဝင်ပါသည်။ ထို့ကြောင့် ဖျားနာ နှင့် ဒဏ်ရာအနာတရ သင်္ဘောသားများအပေါ် သင်္ဘောပိုင်ရှင်မှ တာဝန်ရှိခြင်း **(၁၉၃၆၊ အမခ ၅၅)** ပြဌာန်းချက်သည် အကြီးစားငါးဖမ်း သင်္ဘောများအတွက်လည်း အကျုံးဝင်၍ ကမ်းရိုးတန်းတလျှောက်ရှိ တနိုင်တပိုင်ငါးဖမ်းလှေများမပါဝင်ပါ။ အလားတူစွာ သင်္ဘောသားများ လူမှုငွေကြေး ဖူလုံထောက်ပံ့ရေး သဘောတူချက် **(၁၉၈၇၊ အမခ ၁၆၇)**၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့်ဆေးဝါးပံ့ပိုးမှု **(၁၉၈၇၊ အမခ ၁၆၄)**၊ လူမှုဆက်ဆံမှု ကောင်းမွန်ရေး **(၁၉၈၇၊ အမခ ၁၆၅)**၊ မိခင်နိုင်ငံသို့ခွင့်ပေးပြန်ခွင့် **(၁၉၈၇၊ အမခ ၁၆၆။** *ပြင်ဆင်ချက်* )၊ အလုပ်သမားစစ်ဆေးရေး အဖွဲ့ရှိ ရေး (သင်္ဘောသား) **(၁၉၉၆၊ အမခ ၁၇၈)**၊ သင်္ဘောသားအစားထိုး ဖြည့် တင်းခန့်ထားနိုင်ရေး **(၁၉၉၆၊ အမခ ၁၇၉)**၊ သတ်မှတ်အလုပ်ချိန်နှင့် သင်္ဘော အကူးအပြောင်းများ **(၁၉၉၆၊ အမခ ၁၈၀)** စသောပြဌာန်းချက် များကို စီးပွားဖြစ် ငါးဖမ်းလှေများတွင် လည်းသုံးရန်ဖြစ်သည်။

## ငါးလုပ်ငန်းကဏ္ဍစံပြဌာန်းချက်အသစ်များကို ILO မှ မည်သို့ အောင်မြင်စွာဆောင်ရွက်သနည်း။

၂၀၀၂ ခုနှစ် မတ်လတွင် ၂၈၃ ကြိမ်မြောက် ILO GB ကိုကျင်းပရာ ထိုမှတဆင့် ILC အစည်းအဝေးတွင် ငါးလုပ်ငန်းကဏ္ဍနှင့်ပတ်သက်သော အသစ်ပြင်ဆင် ပြဌာန်းချက် ထည့်သွင်းတင်ပြရန်ဖြစ်သည်။ ပိုမိုကောင်းမွန်သော စံတစ်ခု သတ်မှတ်ရေးကို ရည်ရွယ်ကာ ယခင်ပြဌာန်း ချက် ၇ ချက်တွင် သန့်စွမ်း ကျန်းမာသောရေလုပ်သားဖြစ်ရေး (၁၉၉၆) မှလွဲ၍ ကျန် ၆ ချက် ပြင်ဆင် ခြင်းဖြစ်သည်။ အသစ်ထုတ်ပြန်ချက်များ သည် ငါးဖမ်းလှေပေါ်တွင် လုပ်ကိုင်သော အလုပ်သမားများအတွက် ဖြစ်ကာ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက် မှုနှင့်လူမှုရေးရာကဏ္ဍ များပင် ဖြစ်သည်။

ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာအကြံပြုချက်များ **(အ ၁၉၉)** ၂၀၀၇ ခုနှစ် မှ ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာသဘောတူညီချက်များ **(သ ၁၈၈)**၊ ၂၀၀၇ ခုနှစ် ဖြည့်စွက်ချက်များ သို့ ၂၀၀၇ ခုနှစ် ဂျနီဗာမြို့တွင် ကျင်းပသော ၉၆ ကြိမ် မြောက် ILC ကွန်ဖရင့်တွင် ပါသည်။ အတည်ပြုခဲ့ပါသည်။ အဆိုပါများ သည် ၂၀၀၄-၅ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအချို့ရှိ လုပ်ငန်းရှင်များ အဖွဲ့ အစည်းမှ တင်သွင်းသော အဆိုများကို မူတည်ရယူကာ စဉ်ဆက်မပြတ် ပြုလုပ်နေကျဖြစ်သော ILC ကော်မတီတွင် ဆွေးနွေးပြီးနောက် မူကြမ်းပြုလုပ်ကာ ကွန်ဖရင့်သို့ တင်ပြ အတည်ပြုခဲ့ခြင်း ဖြစ်သည်။

၄င်း ၂၀၀၇ ခုနှစ်ပါ သဘောတူညီချက်များသည် သတ်မှတ်ရက်စွဲမှ ၁၂ လ ကြာပြီးနောက် သဘောတူလိုက်နာရန်မှတ်ပုံတင်ထားသော ကမ်းရိုးတန်း ၈ နိုင်ငံပါ၊ အဖွဲ့ဝင် ၁၀ နိုင်ငံသို့ စတင်ဥပဒေသက်ရောက် ပါသည်။

# The Work in Fishing Convention, 2007
## ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာလိုက်နာရန်များ၊ ၂၀၀၇

ကမ်းဝေးငါးဖမ်းသူများ



## ၂၀၀၇ ခုနှစ် ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာလိုက်နာရန်များ နှင့် ပြဌာန်းချက်များ၏ ထင်ရှားအရေးပါမှုများ

ILO မှ ငါးဖမ်းလုပ်သားဆိုင်ရာစံထားများကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကတည်းကပြဌာန်းသတ်မှတ်ပေးခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများမှ လိုက်နာဆောင်ရွက်မှုနည်းပါးနေသေးတာကို တွေ့ရပါသည်။ ထို့အပြင် ကနဦး စီစဉ်ဆောင်ရွက်မှုများသည် ယနေ့ပြောင်းလဲ နေသော ငါးဖမ်းဆီးမှုယန္တရားကို လိုက်ပါချမှတ်ဆောင်ရွက်ရန် မလျော်ညီ နိုင်တော့ပါ။ စီပွားဖြစ်ငါးဖမ်းခြင်းကို ရေကြောင်းဆိုင်ရာ သဘောတူညီချက်များအရ ၂၀၀၆ ခုနှစ် (MLC) ပြဌာန်းချက်အတိုင်း လုပ်ဆောင်နေမှု သည်လည်း ပြောင်းလဲသတ်မှတ်ရတော့မည်ဖြစ်သည်။ ဥပမာ ငါးဖမ်း ရေယာဉ်များဆိုင်ရာဥပဒေကို (MLC) မှ မထိန်းချုပ်တော့ရန် ဖြစ်သည်။

၂၀၀၇ ခုနှစ် ရေလုပ်ငန်းဥပဒေတွင် ငါးဖမ်းရေလုပ်သားများစံထားရှိ ရန် အချက် ၃ ချက်ကို ပြင်ဆင်မွမ်းမံပြီး၊ ငါးဖမ်းယာဉ်များအတွက် အသုံးချရန် ရေကြောင်းဆိုင်ရာ သဘောတူညီထားသော သင့်လျော်သည့် အထွေထွေပြဌာန်းချက်များ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကာလ အခြေအနေ နှင့် ကွဲပြားလာသော ငါးဖမ်း ခြင်းနည်းပညာများအရ စံသတ်မှတ်စံနစ်ကို ခေတ်နှင့် လျော်ညီအောင် မြှင့်တင်ပံ့ပိုးပေး နိုင်ရေးဖြစ်သည်။ ၎င်းအပြင် ရေကြောင်းသွားလာမှု (MLC) နယ်ပယ်မှလွန်သော ငါးဖမ်းခြင်းဆိုင်ရာ လိုအပ်ချက်များထပ်မံထည့်သွင်းရေးပင်ဖြစ်သည်။

လက်ရှိကမ္ဘာ့ကုန်သွယ်မှု နှင့် စီးပွားရေးအခြေအနေများကို လေ့လာရာတွင် များစွာသော ဖွံ့ဖြိုးဆဲတိုင်းပြည်များမှ ငါးဖမ်းသင်္ဘောများသည် မိမိတို့ ရေပိုင်နက်တွင်း ငါးဖမ်းခြင်းသာမက အခြားတိုင်းပြည်ပိုင် ရေနက်ပင်လယ်အတွင်း ပိုင်းများသို့လည်းထွက်ကာ ဖမ်းဆီးနေခြင်းများရှိပါ သည်။ ထို့ပြင် အစဉ်အလာမဟုတ်သော အလုပ်သမားငှားရမ်းခိုင်းစေမှုများကို ၎င်းငါးဖမ်းသင်္ဘောများတွင် တွေ့ရပါသည်။ ဤသို့သောအခြေ အနေများကို ILO မှ အန္တရာယ်ရှိသော လုပ်ငန်းဆောင်တာအနေဖြင့် သုံးသပ်မိသောကြောင့် ငါးဖမ်းလုပ်ကိုင်နေရသော အမျိုးမျိုးသော ရေလုပ်သားများအတွက် အဓိပ္ပါယ်ရှိရှိညှိနှိုင်းဆောင်ရွက်နိုင်ရန် ၂၀၀၇ ခုနှစ် ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာ သဘောတူညီချက်များလမ်းညွှန်သည် အရေးပါသော ကိရိယာတစ်ခုအနေဖြင့် ငါးဖမ်းလှေပေါ်ရှိလုပ်ငန်းခွင် အနေအထားများ နှင့် နေထိုင်စားသောက်မှု စသည်တို့ကို တိုးမြှင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ILO ၏ ငါးလုပ်ငန်းကဏ္ဍနှင့်ပတ်သက်သမျှတွင် ပထမဦးဆုံးသမိုင်း မှတ်တမ်းအနေဖြင့် 'ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်းခွင်သဘောတူညီချက်များ ၂၀၀၇ ခုနှစ်' သည် မြစ်၊ချောင်း၊အင်းအိုင်၊တူးမြောင်းမကျန် ငါးဖမ်းဆီးခြင်း လုပ်ငန်း အားလုံးကိုပါ ချဲ့ထွင်အသုံးပြုနိုင်ပါသည်။ ငါးဖမ်းဆီးမှုသရုပ်ပြ နှင့်အပျော်တမ်းငါးဖမ်းမှုများကားချွင်းချက်ဖြစ်သည်။ ဒါဟာ အမှန်အရေးပါ၍ ILO ၏ ပထမဆုံးအကောင်အထည်

ဖော် ပြဌာန်းပေးသော အသေးစားငါးဖမ်းမှုများအပါအဝင် ရေချိုရေငန်ငါးဖမ်းဆီးခြင်းလုပ်ငန်းဆိုင်ရာအပေါ် အကျိုးသက်ရောက်စေမှုပင်ဖြစ်သည်။

ဤပြဌာန်းချက်သည် ကုန်းပတ်ပါခြင်း၊ မပါခြင်းထက် လှေပေါ်ရေလုပ်သားများပါသော အကြီးစားငါးဖမ်းခြင်းနှင့် အသေးစားငါးဖမ်းခြင်း နှစ်မျိုးလုံးအပေါ် သက်ရောက်စေပါသည်။

## WFC, 2007 သဘောတူပြဌာန်းချက်လိုက်နာရေး အဓိက လိုအပ်ချက်များ

WFC, ၂၀၀၇ ပါပြဌာန်းချက်များကို လိုက်နာဆောင်ရွက်သော အဖွဲ့ဝင်နိုင်ငံများသည် ငါးဖမ်းဆီးနေစဉ်နှင့်ရေတွင်ခုတ်မောင်းသွားလာနေစဉ်အတွင်း အန္တရာယ်ကင်းဘေးရှင်းစေရန် သင်္ဘော၏အစိတ်အပိုင်းများ (အင်ဂျင်၊ကျွမ်းကျင်အရာရှိ၊ ဆက်သွယ်ရေး) ပြည့်ဝကောင်းမွန်မှု ရှိရပါမည်။ ILO အဖွဲ့ဝင် တိုင်းပြည်များအားလုံး ချမှတ်ထားသော စံနှုန်း များအတိုင်း ပြည့်မီအောင်ဆောင်ရွက်ဖို့ လိုအပ်ပါသည်။

***ငါးဖမ်းလှေပေါ်လုပ်ငန်းခွင်ဆိုင်ရာ အနိမ့်ဆုံးလိုအပ်ချက်များ***

- အလုပ်သမားများ၏ စိတ်ပိုင်းဆိုင်ရာကျန်းခန့်ရေး၊ လုံခြုံမှု နှင့် ကျန်းမာရေးကို ထိခိုက်စေမှုနည်းစေရန် အသက်အရွယ် အလိုက် မျှတသောအလုပ်ဖြစ်စေရေး။
- ကျန်းမာသန်စွမ်းမှု (လှေပေါ်တွင်ထမ်းဆောင်ရသော ၎င်းတို့၏ တာဝန်ကို လုပ်နိုင်လောက်သောကြံ့ခိုင်မှု သေချာစေရန်)။

***ထောက်ပံ့ပေးရမည့် အခြေအနေများ***

- လှေဆိုင်ရာအစိတ်အပိုင်းများပြည့်ဝကောင်းမွန်ရေး (ခုတ်မောင်းမှု၊ ငါးဖမ်းမှု သေချာရန်)
- ငါးဖမ်းလုပ်သားများကို ပုံမှန်အနားပေးရန် (၎င်းတို့၏ ကျန်းမာရေးအာမခံချက်)
- လှေမထွက်မီ တိကျသောရေလုပ်သားစာရင်းအား သက်ဆိုင်ရာ အာဏာပိုင်သို့ မပျက်မကွက်ပေးအပ်ရန်။
- ငါးဖမ်းလုပ်သားများအတွက် အနိမ့်ဆုံးသဘောတူညီချက်များ ပြင်ဆင်ရန် (လှေပေါ်တွင်နေထိုင်စားသောက်မှု၊ သင့်တင့် လျောက်ပတ်သော လုပ်ငန်းခွင်အနေအထား စသည်)။
- နိုင်ငံရပ်ခြားဆိပ်ကမ်းများမှ မိခင်တိုင်းပြည်သို့ ခွင့်ပြန်ရေး ခံစားခွင့်။
- အလုပ်သမားအသစ်ခန့်ခြင်း၊ အစားထိုးနိုင်ခြင်းရှိစေရန်။
- လုက်ခလစာများပုံမှန်ပေးနိုင်သော လည်ပတ်မှုရှိစေရန်။

*နေထိုင်စားသောက်မှု*

- သောက်သုံးရေ၊ အစားအစာ၊ နေရာထိုင်ခင်း၊ ဆေးဝါး၊ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု နှင့် လူမှုဆက်ဆံရေး စီစဉ်မှုအား အထွေထွေပြဌာန်းချက်များအတိုင်း လိုက်နာရန်။
- လုပ်ငန်းခွင်တွင် အပြင်းအထန်ဖျားနာမှုနှင့် မတော်တဆ ထိခိုက်မှုများရှိပါက ကမ်းပေါ်သို့ပို့ဆောင်၍ လိုအပ်သော စောင့်ရှောက်မှု၊ ဆေးဝါးကုသမှုများကို အချိန်နှင့်တပြေးညီ လိုက်နာဆောင်ရွက်ရန်။
- လုပ်ငန်းခွင်အတွင်းရောဂါကူးစက်ခြင်း၊ မတော်တဆဖြစ်မှုများ ကာကွယ်ရေးအတွက် လုပ်ငန်းခွင်ဆိုင်ရာအန္တရာယ်ကင်းစင်ရေး စီမံဆောင်ရွက်ချက် ရှိရန်။
- ငါးဖမ်းဆီးမှုနှင့်ငါးဖမ်းကိရိယာများကျွမ်းကျင်စွာကိုင်နိုင်ရေး အတွက်သင်တန်းပေးရန်။
- ငါးဖမ်းလှေပေါ်၌မတော်တဆထိခိုက်မှုများရှိပါက သတင်းပို့ စုံစမ်းစစ်ဆေးရန်။
- ငါးဖမ်းလုပ်ငန်းတွင်လုပ်ကိုင်သောရေလုပ်သားများနှင့် ၄င်းတို့ အားမှီခိုနေသူများ၊ အခြားသောအလုပ်သမားများ အကြား အချင်းချင်းအပြန်အလှန် နားလည်မှု၊ သာယာစိုပြေမှု နှင့် လူမှုဘဝဖူလုံရေးများ ပြည့်ဝစေရန်။
- လုပ်ငန်းခွင်အတွင်း နာမကျန်းမှု၊ ထိခိုက်ဒဏ်ရာရရှိမှု နှင့် သေဆုံးမှုများအပေါ် လုပ်ငန်းရှင်မှ အထွေထွေပြဌာန်းချက်များ နှင့်အညီ ပြည့်ဝသောအာမခံချက်ထားရှိရန်။

*အတည်ပြုချက်များအပေါ် လေးစားလိုက်နာရန်*

- တရားဝင်ပြဌာန်းချက်များ၏ လိုအပ်ချက်များနှင့်အညီ လေးစား လိုက်နာဆောင်ရွက်သော စနစ်တစ်ခုရရှိရန်ပျိုးထောင်ခြင်းဖြင့် ရေလုပ်ငန်းဆိုင်ရာရေယာဉ်များအပေါ် တရားစီရင်ထိန်းချုပ်မှု အလေ့အကျင့်ကောင်းများရရှိရန်။

အထက်ပါအထွေထွေပြဌာန်းချက်များသည် အောက်ပါတို့အား သက်ရောက် စေပါသည်_

(က) ၂၄ မီတာနှင့်အထက်ရှည်သော ငါးဖမ်းရေယာဉ်များ
(ခ) ရက်သတ္တပတ်ကျော် ပင်လယ်ပြင်တွင်နေသော ရေယာဉ်များ
(ဂ) ပင်လယ်ရေနက်ပိုင်း ငါးဖမ်းရေယာဉ်များ

အထက်ပါများအားလုံးသည် ငါးဖမ်းရေယာဉ်များနှင့် ၄င်းလှေပေါ်တွင် လုပ်ကိုင်သူများအခွင့်အလမ်းဆိုင်ရာ ပြဌာန်းချက်များအား အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသား အာဏာပိုင်များအနေဖြင့် ထုတ်ပယ်ပစ်ခြင်းမရှိစေရပါ။

# ရည်ရွယ်မျှော်မှန်းထားသည်များ အောင်မြင်စွာဆောင်ရွက်ရန် သဘောတူပြဌာန်းချက်များ၏ ဖော်ပြချက်များမှာ

ဤပြဌာန်းချက်များသည် အပိုင်း ၉ ပိုင်းပါ အပိုဒ်ခွဲ ၅၄ ခုရှိပြီး၊ နောက် ဆက်တွဲ ၃ ပိုင်းပါရှိသည်။ အပိုင်း ၁ တွင် ဖွင့်ဆိုချက်များ (အပိုဒ်ခွဲ ၁) နှင့် အဝန်းအဝိုင်း (အပိုဒ်ခွဲ ၂၊ ၃၊ ၄၊ ၅)။ အပိုင်း ၂ တွင် အထွေထွေ စည်းကမ်းချက်များ၊ အမည်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မှုများ (အပိုဒ်ခွဲ ၆)၊ အာဏာပိုင် နှင့် ညှိုနှိုင်းဆောင်ရွက်မှု (အပိုဒ်ခွဲ ၇)၊ ငါးဖမ်း စက်လှေပိုင်ရှင်များ၊ မာလိန်မှူးနှင့် လှေလုပ်သားတို့၏ တာဝန်ဝတ္တရား (အပိုဒ်ခွဲ ၈) စသည်တို့ပါဝင်သည်။ အပိုင်း ၃ တွင် ငါးဖမ်းလှေပေါ်ရှိ လုပ်ငန်းပိုင်းဆိုင်ရာ အနိမ့်ဆုံးလိုအပ်ချက်များ အမည်၊ အသက်အရွယ် နှင့် ကန့်သတ်အသက် (အပိုဒ်ခွဲ ၈) စသည်တို့ဖြစ်သည်။ ဆေးစစ်ချက် နှင့် ကျန်းမာရေးဆိုင်ရာများ (အပိုဒ်ခွဲ ၁၀၊ ၁၁ ၊ ၁၂)။ အပိုင်း (၄) တွင် ဝန်ဆောင်မှုအနေအထားများ။ အပိုင်း ၅ တွင် နေထိုင်စားသောက်ရေး (အပိုဒ်ခွဲ ၂၅၊၂၆၊၂၇၊၂၈) စသည်။ အပိုင်း ၆ တွင် ကျန်းမာရေး စောင့် ရှောက်မှု၊ အသက်အာမခံနှင့်ကာကွယ်ရေး၊ လူမှုဘဝဖူလုံမြင့်မားရေး စသည်တို့ပါဝင်သည်။

အပိုင်း ၄ နှင့် ၆ သည် ဤသဘောတူပြဌာန်းချက်များ၏ အရှည်လျားဆုံး ပြဌာန်းထုတ်နုတ်မှုအပိုင်းဖြစ်သည်။ ဥပမာ အပိုင်း ၄ တွင်ပါဝင်သော ရေယာဉ် ဆိုင်ရာနှင့် အလုပ်နားချိန်သတ်မှတ်ရေး (အပိုဒ်ခွဲ ၁၃၊၁၄)၊ အလုပ်သမားဦးရေ (ပုဒ်မ ၁၅)၊ ရေလုပ်သားအလုပ်ခန့်ခြင်းပဋိဉာဉ် (ပုဒ်မ ၁၆၊၁၇၊၁၈၊၁၉၊၂၀)၊ လုပ်သက်(ဝါ)အိမ်ပြန်ခွင့် (ပုဒ်မ ၂၁)၊ အလုပ်သမားအသစ်နှင့်အစားထိုးခန့်ခြင်း ဥပဒေ (ပုဒ်မ ၂၂)၊ အလုပ်သမားလုပ်ခလစာ (ပုဒ်မ ၂၃၊၂၄) စသည်တို့ ပါဝင်ပြဌာန်းထားပါသည်။ အပိုင်း ၆ အရ ကျန်းမာရေးစောင့်ရှောက်မှု (ပုဒ်မ ၂၉၊၃၀)၊ လုပ်ငန်းခွင်ဆိုင်ရာအန္တရာယ် ကင်းရှင်းရေးနှင့် နာမကျန်းမှုနှင့် မတော်တဆထိခိုက်မှုလျော့နည်းရေး (ပုဒ်မ ၃၁၊၃၂၊၃၃)၊ လူမှုဖူလုံရေး (ပုဒ်မ ၃၄-၃၇)၊ လုပ်ငန်းခွင်ဆိုင်ရာ သေဆုံးမှုနာမကျန်းမှုနှင့်ထိခိုက်မှုများအာမခံ (ပုဒ်မ ၃၈၊၃၉) စသည်တို့ ပါဝင်ပါသည်။

အပိုင်း ၇ ပါ ပြဌာန်းချက်များမှာ အတည်ပြုချက်များကို လေးစားလိုက် နာရန် (ပုဒ်မ ၄၀-၄၄) တို့ဖြစ်သည်။ အပိုင်း ၈ တွင်မူ ဆိုင်ရာဥပဒေ ပြင်ဆင်ချက်များ (နောက်ဆက်တွဲပုဒ်မ ၁ _မှန်ကန်စွာစစ်ဆေးပြုပြင်ရန်)၊ (နောက်ဆက်တွဲပုဒ်မ ၂ _ရေလုပ်သားအလုပ်ခန့်ခြင်းပဋိဉာဉ်) နှင့် (နောက်ဆက်တွဲပုဒ်မ ၃ _ငါးဖမ်းလှေ တွင်နေရာထိုင်ခင်း) စသည်တို့ကို ပြဌာန်းထားသည်။ နောက်ဆုံးအပိုင်းဖြစ်သော ချောင်းစဉ်ကြီး ၉ တွင် နောက်ဆုံးရ အထွေထွေပြဌာန်းချက်များ ပါဝင်ပါသည်။

## ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာသဘောတူပြဌာန်းချက်များ ၂၀၀၇ ခုနှစ်၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံ

ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာသဘောတူပြဌာန်းချက်များ ၂၀၀၇ ခုနှစ်သည် အဆင့်နှစ်ဆင့်ဖြင့်ဖွဲ့စည်းထားသည်။ ပထမလက်တံ၌ ဖွင့်လှစ်တင်ပြမှု စံနှုန်းများပုံစံရှိရာ (က) ၂၄ မီတာနှင့်အထက်ရှည်သောငါးဖမ်းရေယာဉ်များ၊ (ခ) ပင်လယ်ပြင်၌ ရက်ပေါင်း (၇) ရက်ထက်ကျော်လွန်စွာနေသော ငါးဖမ်းရေယာဉ်များ၊ (ဂ) ကမ်းရိုးတန်းမှ ပင်လယ်ပြင်သို့ ရေမိုင် ၂၀၀ (nm) ထက်ကျော်လွန်သောရေပြင်ရှိ ငါးဖမ်းယာဉ်များ၊ (ဃ) ကမ္ဘာ့ကုန်းမြေစွန်း (ပင်လယ်ပြင်သို့ထိုးထွက်နေသော ကုန်းမြေစွန်း) မှ ကျော်လွန်သောရေပြင်တွင် သွားလာလုပ်ကိုင်နေသော ငါးဖမ်းရေယာဉ်များ၊ (င) အထက်ပါငါးဖမ်းရေယာဉ်များတွင်အလုပ်လုပ်နေသော ရေလုပ်သားများ ဆိုင်ရာပြဌာန်းချက်များဖြစ်သည်။

နောက်လက်တံတစ်ခုမှာ ၊ ပြဌာန်းချက်အဝန်းအတွင်း ဂရုပြုမိသောအခွင့်အလမ်းအရ အခြားငါးဖမ်းယာဉ်များဆိုင်ရာနှင့် ၎င်းယာဉ်များတွင်လုပ်ကိုင်သော ငါးဖမ်းရေလုပ်သားများအတွက် ပြုလွယ်ပြင်လွယ်ရှိသော စံနှုန်းများ ထားရှိမှုဖြစ်သည်။ ဤအပိုင်းသည် အထွေထွေပြဌာန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဥပဒေ၊ စည်းမျဉ်းများ နှင့် အခြား အတိုင်းအတာများကို အဖွဲ့ဝင်တိုင်းပြည်များအနေဖြင့် အတည်ပြုလိုက်နာ ရန်ရည်ရွယ်ထားရှိခြင်းဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများသည် လက်လုပ်လက်ထွင်းတနိုင်တပိုင်ငါးဖမ်းလှေများ အပါအဝင် ငါးဖမ်းလှေအမျိုးအစားများအလိုက် သင့်လျော်သော ဆုံးဖြတ်ချက်ပေးရန်လိုအပ်ပြီး ငါးဖမ်းလုပ်သားများအခွင့်အရေးနှင့်အဆင့်အတန်းသတ်မှတ်ချက်များ၏ အကျိုးကျေးဇူးများကို တိုက်တွန်းနှိုးဆော်သင့်ပါသည်။

ထို့ပြင်တဝ သီးသန့် ငါးဖမ်းရေယာဉ်များနှင့်ငါးဖမ်းကိရိယာများနှင့် ပတ်သက်သော အချို့သောအထွေထွေပြဌာန်းချက်များ "အဆင့်ဆင့် အကောင်အထည်ဖော်ရေး" စသောအမြင်များလည်းရှိပါသည်။

## အဆင့်ဆင့်တိုးမြှင့်အကောင်အထည်ဖော်ရေးသို့ချဉ်းကပ်ခြင်း

အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်မှု၏ အာဘော်သည် သတ်မှတ်အဓိပ္ပါယ်သီးသန့်မရှိသော်လည်း အဖွဲ့ဝင်နိုင်ငံများကို ချွင်းချက် တစ်ခုထားပြီး နားလည်မှုပေးသော ပြဌာန်းချက်ဖြစ်ကာ အချိန်ကာလတစ်ခုဖြင့် စီမံအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်(ဆက်လက်ရှု)။ ၂၀၀၇ ခုနှစ် ငါးဖမ်းအလုပ်သမားရေးရာပြဌာန်းချက်များ အတွင်းရှိ အခွင့်အလမ်းအချို့ကို ယူငင်ကာ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အထွေထွေပြဌာန်းချက်များမှ အောက်ပါ အဆင့်အတန်းများအလိုက်ခွင့်ပြုပေးထားသည်။ (က) အရှည် ၂၄

မီတာအောက်ငယ်သောရေယာဉ်များ၊ (ခ) ရက်ပေါင်း ၇-ရက်အတွင်းသာ (သို့) ခဏတာသာရေပြင်တွင်သွားလာစုတ်မောင်းသောလှေများ၊ (ဂ) ပင်လယ်ရေနက်ပိုင်းတွင် ငါးဖမ်းဆီးမှုမပြုသောလှေများ၊ စသောလှေများတွင်လုပ်ကိုင်သော ရေလုပ်သားများဆိုင်ရာသည့် ချွင်းချက်ဖြစ်သည်။


အဆင့်ဆင့်ပြောင်းလဲစီမံဆောင်ရွက်ခြင်းသည် အောက်ပါလိုအပ်ချက်များကိုသာ ပံ့ပိုးပေးနိုင်ပါမည်။

- အထက်ပါအချက် ၃ ချက်တွင်ပါဝင်သော လှေများတွင်လုပ်ကိုင် သော၊ တနည်းအားဖြင့် အရှည် ၂၄ မီတာနှင့် အထက်ရှိသော ငါးဖမ်းလှေများတွင်လုပ်ကိုင်ပါက ရေလုပ်သားများသည် ကျန်းမာကြံ့ခိုင်မှု အထောက်အထားပြဆေးလက်မှတ်ကိုင် ဆောင်ရမည်။
- လှေပေါ်လိုက်ပါစာရင်း မထွက်ခွာမီသတင်းပို့ရမည်။
- လှေရှင်နှင့်လုပ်သားများနှစ်ဦးသဘောတူ လက်မှတ်ရေးထိုး ထားသောစာရွက်ပါအတိုင်း လုပ်ငန်းခွင်လုံခြုံမှု နှင့် နေထိုင်စားသောက်မှု လုံခြုံကောင်းမွန်ဂေးအာမခံချက်ရှိရမည်။
- အန္တရာယ်ကြိုတင်သတိပေးခြင်းဆိုင်များ ရေလုပ်သားအချင်းချင်း ကောင်းစွာနားလည်မှုရှိရမည်။
- ILO အဖွဲ့ဝင်များသည် ရေလုပ်သားများနစ်နာမှုကာကွယ်ရေးဆိုင်ရာများဖြစ်သော လုပ်ငန်းခွင်အနာတရ၊ ဖျားနာမှု၊ သေဆုံးမှု စသောအခြေအနေများအပေါ် ပြဌာန်းထားချက်များအတိုင်း လိုက်ပါ ဆောင်ရွက်ရမည်။ အသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ ဆေးဝါးပြည့်စုံမှု နှင့် ဆေးဝါးကုသမှု စသည်တို့ရှိရမည်။

အထက်ပါအကြောင်းအချက် ၃ မျိုး ဖြင့် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် လှေပိုင်ရှင်များသည် ထူးခြားသောအကျိုးကျေးဇူးများ ရရှိစေလိုခြင်းဖြစ်ကာ အချိန်ကာလအလျောက်ဖြတ်သန်း ကျော်လွှား၍ WCF ၂၀၀၇ ပြဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများသို့ ခွင့်ပြုထားပါသည်။ ယင်းသို့ သဘောတူညီချက်များ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းသည် အချို့နိုင်ငံများတွင် ငွေကြေးလိုအပ်ချက်၊ အခြေခံအုတ်မြစ်အားနည်းခြင်းကြောင့် နှောင့်နှေးမှုများ ရှိနိုင်သော်လည်း တဆင့်ချင်း ကျယ်ကျယ်ပြန့်ပြန့်လိုက်နာဆောင်ရွက်ရန် မျှော်လင့်ချက်ပင်ဖြစ်ပါသည်။

# Artisanal and Small-scale Fishing

# လက်လုပ်လက်သားများနှင့်တနိုင်တပိုင်ငါးဖမ်း အသက်မွေးသူများ


စီးပွားဖြစ်ငါးဖမ်းခြင်းလုပ်ငန်း
Large-scale Fishing
အသေးစားငါးဖမ်းခြင်းလုပ်ငန်း
Small-scale Fishing

## အသေးစားငါးဖမ်းခြင်းလုပ်ငန်းများအတွက်ပင်လျင် အလုပ်သမား အခွင့်အရေးဆိုင်ရာ အရေးတယူ စဉ်းစားရခြင်းအကြောင်းများ

၁၉၆၀ ခုနှစ် မှ စတင်ကာ ငါးလုပ်ငန်းဆိုင်ရာကိရိယာ နှင့် ငါးဖမ်းလှေများ သည် နည်းပညာပိုင်းအရ ကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးတိုးတက်လာခဲ့ပါ သည်။ ဤသို့တိုးတက်လာခြင်းနှင့်အညီ တရားမဝင်ငါးခိုးဖမ်းဆီးခြင်းများသည်လည်း ရလဒ်တစ်ခုအနေဖြင့် တွေ့လာရပါသည်။ နောက်ဆက်တွဲ အနေဖြင့် အသေးစား ငါးဖမ်းလုပ်ကိုင်သူများအပေါ် သိသိသာသာ ပြောင်းလဲခြင်းများရှိလာပါသည်။

သီးသန့်စီးပွားရေးဇုန် (EEZ) (တနည်းအားဖြင့်) စီးပွားရေးအရငါးဖမ်းဇုန် (EFZ) အဖြစ် ရေမိုင် ၂၀၀ (nm) သတ်မှတ်ကြောင်း ၁၉၇၀ ခုနှစ်မှစတင်ကာ ကမ်းရိုးတန်း ပိုင်နိုင်ငံများမှ ကြေငြာခဲ့ကြပါသည်။ တိုးတက်လာသော ရေကြောင်း သွားလာမှုနှင့် ငါးဖမ်းဆီးမှုနည်းပညာများ ပေါင်းစည်းကာ အစဉ်အလာမဟုတ် သော ကျယ်ပြန့်ကြီးမားလာမှုသည် ကမ်းရိုးတန်းပြည်ထောင်များ၏ (EEZs), (EFZs) ရေပြင်တွင် စီးပွားဖြစ်နှင့်တနိုင်တပိုင် ငါးဖမ်းခြင်းအခွင့်အလန်းများကို ဦးဆောင်လာပါသည်။

ရေကြောင်းသွားလာမှုရေဒါ နှင့် စက်ပစ္စည်းများပါဝင်သောလှေငယ်များသည် ယခုအခါ ရက်ပေါင်းများစွာငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ရန် ပင်လယ်ရေနက်အတွင်း ပိုင်းသို့ခုတ်မောင်းနေကြပါသည်။ သို့သော် လှေပေါ်ဆိုင်ရာ နေထိုင်စားသောက်မှု များနှင့် ကောင်းမွန်သောလုပ်ငန်းခွင်ဖြစ်ရေး စသောအရေးပါမှုကား အကြီးစား ငါးဖမ်းယာဉ်များကဲ့သို့ ရှိမနေတာတွေ့ရပါသည်။ ခရီးဝေးသွားအလုပ်သမား ခန့်ခြင်းစီစဉ်မှုသည် အလျား ၂၄ မီတာအောက်ငယ် သော ငါးဖမ်းရေယာဉ်များတွင် တွေ့မြင်နေရပါသည်။

အချို့သောငါးဖမ်းလုပ်ဆောင်ခြင်းများတွင် စီးပွားရေးကုန်ထုတ်မှုတစ်ခု အနေ ဖြင့် ဦးတည်ရည်ရွယ်နေတာတွေကိုတွေ့ရပါသည်။ WFC, ၂၀၀၇ သည် အသေး စားငါးဖမ်းလုပ်ငန်းရှင်နှင့်ရေလုပ်သားအပေါ် အလုပ်သမားရေးရာများ ကာကွယ်ရန် ဖြစ်ပြီး အထူးသဖြင့် ဖွံ့ဖြိုးထဲနိုင်ငံများတွင် တွေ့ရပါသည်။ ကမ္ဘာအနှံ့ အသေးစား ငါးဖမ်းလုပ်ငန်းများပါမကျန် ငါးလုပ်ငန်းဆိုင်ရာများတွင် လုပ်ငန်းချောမွေ့စေရေးနှင့် အလုပ်သမားများ၏ သက်ရှင်နေထိုင်များကို တရားဝင်ဖွဲ့စည်းညှိနှိုင်း ဆုံးဖြတ်ပေး နိုင်ရေးပင်ဖြစ်သည်။

# WFC ၂၀၀၇ ပြဌာန်းချက်များမှ အသေးစားငါးဖမ်းလုပ်ငန်း နှင့် လှေထိုးသားများအတွက် အကျိုးကျေးဇူးရှိမှုက မည်သို့ နည်း?

၂၀၀၇ ခုနှစ်ပါပြဌာန်းချက်များသည် အကြီးစားသော်လည်းကောင်း၊ အသေးစားသော်လည်းကောင်း၊ လှေထိုးငါးရှာသူများကိုလည်းကောင်း၊ ငါးဖမ်းရေယာဉ်များအတွက် အကိုးအကားဖော်ပြချက်မပြုလုပ်ပေးနိုင်သော်လည်း အခွင့်အလမ်းများအနေဖြင့်.-- ငါးဖမ်းယန္တရားများအားလုံး ခြုံမိငုံမိစေသော ချွင်းချက်များ၊ လွတ်ကင်းခွင့် များနှင့် ချန်လှပ်ထားချက် များ စသောကိစ္စရပ်များပါဝင်ပါသည်။

အသေးစားငါးဖမ်းခြင်းများအပါအဝင် ငါးဖမ်းရေယာဉ်များအတွက် အမြဲတမ်းအကျိုးရှိစေသော ပြဌာန်းချက်များ မှာ...

- အနိမ့်ဆုံးရှိရမည့် အသက်အရွယ်
- ကျန်းမာရေးထောက်ခံချက်
- ရေလုပ်သားစာရင်း
- ပုံမှန်အလုပ်ရပ်နားချိန်
- လုပ်ငန်းသဘောတူစာချုပ်
- ပုံမှန်လစာ
- နေထိုင်ရေး၊ အစားအစာနှင့် သောက်သုံးရေပြည့်ဝရေး
- ကြက်ခြေနီသင်တန်းဆင်းသူ (ရှေးဦးသူနာပြုကျွမ်းကျင်)သူ မှ ရေလုပ်သားများ၏ ကျန်းမာရေး၊ ဆေးဝါးပံ့ပိုးမှုနှင့် အထွေထွေလိုအပ်ချက်များ ကူညီပေးနိုင်ရန်။
- ကုန်းပေါ်တွင်ဆေးဝါးကုသနိုင်မှု အခွင့်အရေး
- လုပ်ငန်းခွင်တွင် ရောဂါကူးစက်ခြင်း၊ မတော်တဆဖြစ်ခြင်း၊ အလုပ်နှင့် သက်ဆိုင်သော အန္တရာယ်ရှိနိုင်မှုမှန်သမျှ ကာကွယ်ရေးစနစ်။
- ငါးဖမ်းကိရိယာတန်ဆာပလာများ ကျွမ်းကျင်စွာ၊ အန္တရာယ်ကင်းစွာ ကိုင်တွယ်နိုင်ရေး သင်တန်းပေးရန်
- ငါးဖမ်းလှေပေါ် မတော်တဆဖြစ်ပွားမှုအား စုံစမ်းစစ်ဆေး၍ အစီရင်ခံစာတင်ရန်
- ကျန်းမာရေးအာမခံနှင့် ဆေးဝါးပံ့ပိုးမှု
- လူမှုဘဝဖူလုံရေး စသည်တို့ဖြစ်ကြသည်။


သို့သော် လက်ထွင်းလှေတံငါများနှင့်အသေးစားငါးဖမ်းလုပ်ငန်းများအတွက် ဤပြဌာန်းချက်များ၏ အသုံးဝင်မှုသည် အခြားသောအခြေအနေများပေါ်မူတည်ပြီး အဆင့်တစ်ခုချင်းဆီအလိုက် ပြဌာန်းအခွင့်အလမ်းအတိုင်း ၄င်းအသေးစားငါးဖမ်းလုပ်ငန်းများအပေါ် သက်ရောက်မှုရှိနိုင်မရှိနိုင် ကွာခြားပေမည်။

အသေးစားငါးဖမ်းလုပ်ငန်းများအဆင့်အတန်းမီ မြှင့်တင်ရေးဆိုင်ရာ ရေရှည်အကျိုးသက်ရောက်စေမှုသည် အဖွဲ့ဝင်နိုင်ငံတိုင်း၏ အမျိုးသားအဆင့် စီမံဆောင်ရွက်မှုကသာ ကောင်းစွာအဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ပါသည်။

## WFC 2007 ပြဌာန်းချက်များသည် ငါးဖမ်းလှေများ နှင့် ရေလုပ်သား များဆိုင်ရာကဏ္ဍအားလုံးကို ခြုံငုံမိပါသလား?

၂၀၀၇ ခုနှစ် ငါးဖမ်းနှင့်ရေလုပ်သားဆိုင်ရာပြဌာန်းချက်များတွင် ရေလုပ်သား ဟူသောဝေါဟာရ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် မည်သည့်ငါးဖမ်းလှေအမျိုးအစား များပေါ်တွင်လုပ်ကိုင်သော၊ မည်သည့်လုပ်ငန်းခွင်တွင်မဆိုလုပ်ကိုင်သော၊ ဖမ်းဆီး ငါးပမာဏအပေါ်အခြေခံသောလုပ်ခစား နှင့် ကိုယ်တိုင်အစုရှယ်ယာဝင်ရေလုပ် သားများအားလုံးပါဝင်ပါသည်။ ထို့ကြောင့် ငါးဖမ်းဆီးမှုအပိုင်းလုပ်သားသာမက ဖမ်းဆီးငါးများအားသိုလှောင်ထုပ်ပိုးအပိုင်းလုပ်သားများအားသည် ပြဌာန်းချက်များ နှင့်အကျုံးဝင်သည်။

အထက်ပါသဘောတူညီချက်များ၌ အထွေထွေပြဌာန်းချက်များဖြစ်သော ရေချို ငါးဖမ်းလုပ်ငန်းများ နှင့် ရေလုပ်သားများ၏အခြားကန့်သတ်အဆင့်များ၊ တဖန် ရေငန်ငါးဖမ်းလှေများဆိုင်ရာ၊ မူတည်ကွဲပြားချက်၊ အခြားအကြောင်းအရာ များဖြစ်သော ငါးဖမ်းလှေအရွယ်အစား၊ ငါးဖမ်းဆီးကာလ၊ ငါးဖမ်းကိရိယာ အမျိုး အစား (ပိုက်) စသည်ဖြင့် ရှိပါသည်။ သို့သော် အလျား ၂၄ မီတာ အောက်ငယ် သော ငါးဖမ်းလှေပင်ဖြစ်စေကာမူ ၄င်းလှေများသည် ပင်လယ်ရေပြင် ၂၀၀ (nm) ရေမိုင်ထက် လုပ်ငန်းလည်ပတ်ခြင်း၊ ပင်လယ်တွင်းကမ်းခြေမှာ ကုန်းမြေစွန်း မှလွန်သော ရေပြင်တွင်ရောက်ရှိနေခြင်း နှင့် ၇- ရက်ကျော်ထိ ငါးဖမ်းဆီးခြင်းပြုလုပ်ပါက အချို့သော ချွင်းချက်များသည် သက်ဆိုင်မှုမရှိတော့ပါ။



လေသ-၀၇
WFC'07
ကျန်းမာရေးစောင့်ရှောက်မှု
Medical Care
Shore-based Fishers
ကမ်းရိုးတန်းနေငါးဖမ်း
အသက်မွေးသူများ
ဝန်ဆောင်မှု
အထွေထွေများ
Conditions of Service

## ကမ်းရိုးတန်းနေငါးဖမ်းအသက်မွေးသူများအားလုံးကို WFC ၂၀၀၇ ခုနှစ် ပြဋ္ဌာန်းချက်များက အကျိုးကျေးဇူးများ မည်သို့ပေးသနည်း?

၂၀၀၇ ခုနှစ် ငါးဖမ်းလုပ်ငန်းခွင်နှင့်ရေလုပ်သားဆိုင်ရာ သဘောတူပြဋ္ဌာန်းချက်များအရ ရေလုပ်သားဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်သည် အောက်ပါလူတန်းစားများကိုထည့်သွင်းမထားပါ။

- ကမ်းရိုးတန်းငါးရှာဖားရှာများ (ငါးဖမ်းလှေမရှိပါ)
- ကနုကမာ၊ နှင့် ခရုရှာ ရေငုပ်ငါးဖမ်းသမားများ
- ကမ်းခြေတလျှောက်ဝိုင်းချုပ်ပိုက်ဆွဲသမားများ
- အသုံးဝင်ရေညှိရေမှော်ရှာသူများ
- လက်ပစ်ပိုက်ကွန်ငါးဖမ်းသူများ နှင့်
- ဒီရေရောက်ဖုံတွင် ရေတက်ရေကျပေါ်မူတည် ငါးဖမ်းသူများ

စသည်တို့ဖြစ်ပြီး သူတို့၏ တနေကုန်ငါးဖမ်းစေကာမူ၊ အချို့ငါးဖမ်းခြင်းများတွင် အလုပ်ရှင်အလုပ်သမားပူးပေါင်းလုပ်ကိုင်ခြင်း (ဥပမာ-ဝိုင်းချုပ်ပိုက်) ရှိသော်ငြားလည်း ပြဋ္ဌာန်းချက်မှကင်းလွတ်ပါသည်။

## ပြဋ္ဌာန်းချက်များအောက်တွင် ပေါင်းရုံးထားသောငါးဖမ်းရေလုပ်သားများအတွက် အကျိုးရှိစေသလို ၎င်းတို့ကမ်းရိုးတန်းနေမိသားစုများ နှင့် အရပ်သားလူမှုအဖွဲ့အစည်းများအပေါ်လည်း သေချာသော အကျိုးရလဒ်များရှိနိုင်ပါသလား?

ငါးဖမ်းလှေတွင်လုပ်ကိုင်သူမဟုတ်သူများ၊ ရေငုပ်သူ၊ ကနုကမာကျောက်ပွင့်ကျောက်မှော်ရှာသူများ၊ ကန်းနီးဝိုင်းချုပ်ပိုက်ဆွဲသူများ စသည်ဖြင့် အချိန်ပြည့်ငါးဖမ်းရေလုပ်သားများအပေါ် အစိုးရအာဏာပိုင်များအာရုံစိုက်လာစေရန် အမျိုးသားစည်းရုံးလှုံ့ဆော်မှုအနေဖြင့် ကူညီဖြစ်မြောက်စေသင့်ပါသည်။ အထူးသဖြင့် အမျိုးသမီးများပါဝင်လုပ်ဆောင်နေမှုနှင့် အခြေခံရေလုပ်သားများအပေါ် ၂၀၀၇ ခုနှစ် ပြဋ္ဌာန်းချက်များအကျိုးသက်စေရန်ဖြစ်ပါသည်။

ထိုထို အနည်းဆုံးပံ့ပိုးပေးသင့်သော လိုအပ်ချက်များမှာ-

(က) အန္တရာယ်ရှိသောအလုပ်များ (ရေငုပ်တံငါ၊ ပင်လယ်လှိုင်းလေကြမ်းတမ်းသောကမ်းနီးပိုက်ဆွဲသူများ (သို့) ရွှံ့ညွှံထူထပ်၍ ဂျင်းဓားပေါ်သော ဒီရေရောက်ဖုံများတွင် ခရုပုစွန်ရှာသူများ စသည်)။


(ခ) ထောက်ပံ့ရေးအနေအထားများ (လုပ်ငန်းစာချုပ်၊ အလုပ်နားချိန် (သို့) လစာပေးစံနှစ် စသည်)။

(ဂ) လုပ်ငန်းခွင်အန္တရာယ်ကင်းရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု။

(ဃ) ဆေးဝါးပံ့ပိုးကူညီမှုနှင့် လူမှုဘဝဖူလုံမှု (ဘဝရှင်သန်နေထိုင်မှုနှင့် လုပ်ငန်းတိုးတက်ကောင်းမွန်ရေးတို့ကိုလည်း ကူညီဖြည့်ဆည်းရန်) စသည်တို့ ဖြစ်ပါသည်။

## The Way Forwards

## ရှေ့ဆက်လုပ်ဆောင်သင့်သည်များ


ကျန်းမာရေး
အစားအစာ
Food
ဘေးကင်းလုံခြုံရေး

## အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ WFC 2007 အပေါ် အတည်ပြုလိုက်နာ ဆောင်ရွက်ရန်မျှော်မှန်းချက်များ

၂၀၀၇ ခုနှစ် ငါးဖမ်းလုပ်ငန်းခွင်နှင့်လုပ်သားများဆိုင်ရာ သဘောတူပြဌာန်းချက်များကို လိုက်နာဆောင်ရွက်သော နိုင်ငံများအနေဖြင့် ILO သို့ပုံမှန်အစီရင်ခံစာတင်ပြရန်လိုအပ်ပြီး ပြဌာန်းချက်များနှင့်မသက်ဆိုင်သော ငါးဖမ်းလှေ၊ အလုပ်သမားစသည်များရှိကတင်ပြရန်နှင့် ၄င်းမသက်ဆိုင်သောအပိုင်းများအပေါ် တူညီသောအခွင့်အရေးပေးနိုင်ရေးကို မည်သို့ စီမံဆောင်ရွက်နေသနည်း စသည်တို့ဖြစ်သည်။ ဆက်လက်တင်ပြရန်အထူးလိုအပ်ချက်များမှာ ငါးဖမ်းလှေများဆိုင်ရာ လုံလောက်သော၊ လုံခြုံစိတ်ချရသော စက်ပစ္စည်းကိရိယာတပ်ဆင်မှု နှင့် ကောင်းမွန်သောရေကြောင်းသွားလာနိုင်ရေးအပြင် လှေလုပ်သားငါးဖမ်းသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှုနှင့် ဘေးကင်းလုံခြုံရေးတို့လည်းပါဝင်ပါသည်။

ထိုအရာများသည် အောက်ဖော်ပြပါပြဌာန်းချက်များအရ စံချိန်စံနှုန်းမီဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်ပါလိမ့်မည်။

- လှေလုပ်သားများဘေးကင်းလုံခြုံမှုနှင့်ကန်းမာရေးဆိုင်ရာအတွက် လုံလောက်သောအလုပ်နားချိန်ရှိရန်။
- အလုပ်သမားများလုပ်ခလစာ ပုံမှန်ပေးနိုင်သောလည်ပတ်မှုရှိရန်။
- ကျယ်ဝန်းသန့်ပြန့်သော အိပ်ယာနေရာထိုင်ခင်း စီမံထားပေးရန်။
- ကျန်မာရေးဝန်ဆောင်မှုပေးရန်၊ အနိမ့်ဆုံး ငါးဖမ်းသမားတစ်ယောက်အား ဆေးဝါးကျွမ်းကျင်မှုနှင့် အရေးပေါ်ကုသနည်းများတတ်မြောက်သူ လှေပေါ်တွင်ရှိရန်။
- ကုန်းပေါ်ပို့ဆောင်ဆေးကုသခြင်းအခွင့်အလမ်းများအား အလုပ်သမားများရရှိစေရန်။
- လုပ်ငန်းခွင်မတော်တဆမှု၊ ရောဂါကူးစက်ပျံ့ပွားမှု နှင့် ငါးဖမ်းလှေပေါ်ရှိ အန္တရာယ်ရှိသောလုပ်ငန်းမှန်သမျှ ကြိုတင်ကာကွယ်မှုရှိရန်။
- သန့်စင်သော သောက်သုံးရေ နှင့် အစားအစာ လုံလောက်မှုရှိရန်။
- ငါးဖမ်းကိရိယာကျွမ်းကျင်စွာကိုင်တွယ်နိုင်ရေး နှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာယန္တရားလည်ပတ်မှုအားလုံးတတ်ကျွမ်းရေး သင်တန်းပေးရန်။
- လှေပေါ်၌မတော်တဆဖြစ်ပွားမှုမှန်သမျှမှတ်တမ်းတင်သတင်းပို့ရန်။
- ငါးဖမ်းလှေလုပ်သားများနှင့် ၄င်းတို့မိသားစုများဆိုင်ရာ လူမှုဖူလုံမှုနှင့် လုံခြုံမှုရှိရေးအာမခံနိုင်ချက်ပေးရန်။
- အစိုးရအာဏာပိုင်များမှထုတ်ဝေသော ငါးဖမ်းလှေဆိုင်ရာလိုအပ်ချက်များ ပြည့်ဝကြောင်းထောက်ခံချက် အမြဲယူဆောင်ပါရှိရန်။

WFC 2007 နှင့်ပတ်သက်သောအခြေခံလိုအပ်ချက်များကို လိုက်နာဆောင်ရွက်သည်နှင့်အမျှ အချုပ်အခြာနိုင်ငံများသည် ကွင်းဆင်းစစ်ဆေးခြင်း၊ စာရင်းပြုစုအစီရင်ခံခြင်း၊ စောင့်ကြည့်လေ့လာခြင်း နှင့် မကျေနပ်မှုများ၊တိုင်ကြားမှုများကို

ကိုင်တွယ်ဖြေရှင်းရန် နှင့် မလိုက်နာမှုအပေါ် ပြစ်ဒဏ်ထားရှိဆောင်ရွက်ရန်များ ဖြစ်သည်။

ငါးဖမ်းလှေများကုန်တင်ကုန်ချပိုင်းတွင်လည်း ပြဌာန်းချက်များထားရှိကာ သက်ဆိုင်ရာ ငါးတင်ငါးချဆိပ်ကမ်းများတွင် ပြဌာန်းချက်များနှင့်အညီ ကိုက်ညီမှု ရှိမရှိကို စစ်ဆေးခြင်းလုပ်ဆောင်ရပါမည်။ ဆိပ်ကမ်းအာဏာပိုင်များမှ လှေပေါ် အခြေအနေအရပ်ရပ်အား စစ်ဆေးတိုင်းတာနိုင်ကာ လှေလုပ်သားများ၏ လုံခြုံမှုနှင့်ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိနိုင်ခြင်းအပေါ်စစ်ဆေးရပါမည်။

## ၂၀၀၇ ပြဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသော ဖွံ့ဖြိုးဆဲနိုင်ငံများအဆင်ပြေသော သီးသန့်ပြဌာန်း ချက်များ ရှိပါသလား?

" အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရေး" (စာမျက်နှာ ..ရှ) မှအရ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ မလိုက်နာသေးသော ငါးဖမ်းလှေများရှိပါက ၂၀၀၇ ခုနှစ် လမ်းညွှန်ပါ ပြဌာန်းချက်များနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေးကို အဆင့်လိုက် စီမံ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။အထူးသဖြင့် ငါးဖမ်းလှေ နှင့် ၄င်းလှေပေါ် လိုက် အလုပ်သမားများဆိုင်ရာ သီးသန့်ပြဌာန်းချက်များ အကောင်အထည်ဖော်နိုင် ရေးပင်ဖြစ်သည်။

## ၂၀၀၇ ပြဌာန်းချက်များအကောင်အထည်ဖော်မှုသည် အရပ်သား အဖွဲ့အစည်းများ နှင့် ငါးဖမ်းလုပ်သားများအတွက် သေချာသော စီမံထားရှိမှု ရှိပါသလား?


WFC 2007 ပြဌာန်းချက်များလိုက်ပါဆောင်ရွက်ခြင်းအနေဖြင့် အဖွဲ့ဝင်နိုင်ငံ များသည် အမျိုးသားအဆင့် စည်းရုံးလှုံ့ဆော်မှုများလုပ်ဆောင် သင့်ပါသည်။ သင့်လျော်ရာအဆင့်အလိုက် ဥပဒေပြု၍ တိုးတက်ဖွံ့ဖြိုးအောင်ခြေလှမ်းစခြင်း သည်လည်း အရေးပါသောစီမံဆောင်ရွက်နိုင်မှုပင်ဖြစ်သည်။အမျိုးသားအဆင့် လှုံ့ဆော်စည်းရုံး ဆောင်ရွက်ရာတွင် အစိုးရအာဏာပိုင်၊ အလုပ်ရှင် နှင့် အလုပ် သမားများ၏ ပူးပေါင်းပါဝင်မှုရရှိစေရန်လိုအပ်ပြီး ၃ ဦးဆိုင်ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ရပါမည်။ သို့မှသာ တိကျသောဥပဒေပြဌာန်းနိုင်၍ ငါးဖမ်းလှေများအားလုံး တသမတ်တည်းလိုက်နာဆောင်ရွက်နိုင်ကာ လှေလုပ်သားနှင့်လုပ်ငန်းရှင်များကြား တူညီသောတုံ့ပြန်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှုများရှိလာမည်ဖြစ်သည်။ သာဓက အနေဖြင့် ငါးဖမ်းလှေအရွယ်အစားတူညီရေး၊ ငါးဖမ်းဆီးကာလ (၇) ရက်ကျော် လျှင်၊ ငါးဖမ်းရေမိုင်အကွာအဝေးသည် ရေမိုင် ၂၀၀ ကျော်ရေပြင်ဖြစ်လျှင် စသည် တို့ဖြစ်သည်။

အလျား ၂၄ မီတာအောက်ငယ်သောလှေတွင် လုပ်ကိုင်သူများမှာမူ WFC 2007 ခုနှစ်ပြဋ္ဌာန်းချက်များအတွင်းမှ သင့်တော်သလိုဆောင်ရွက်ရန်ဖြစ်ပြီး ငါးဖမ်းကာလ၊ငါးဖမ်းနည်း နှင့် ဖမ်းဆီးရေပြင်ဧရိယာ စသည်တို့အပေါ်မူတည်ပါသည်။ ဆက်လက်၍ ငါးဖမ်းလှေများနှင့်လှေလုပ်သားများသည် လွတ်ကင်းခွင့်အနေဖြင့် ချွင်းချက်ထားရှိမှုများမှာ အချို့သော မူပြဋ္ဌာန်းချက်များကို စိစစ်ခွဲခြားနိုင်ရေးဖြစ်သည်။ နောက်ထပ်ကား လှေလုပ်သားများဆိုင်ရာအတွက် အထွေထွေပြဋ္ဌာန်းချက်များ ဖြစ်သော အနည်းဆုံးအသက်အရွယ်၊ ပုံမှန်လုပ်ခလစာပေးရေး၊ လူမှုဘဝဖူလုံမှု စသည်တို့ တသမတ်တည်းရှိရေးသည်လည်း လိုအပ်ချက်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင်တွေ့ရသော အခက်အခဲများမှာ နည်းပညာအားနည်းမှု၊ ကြိုတင်ပုံစံချဆောင်ရွက်နေမှု နှင့် ကျွမ်းကျင်ပညာရှင်နည်းပါးမှုတို့ပင်ဖြစ်သည်။ အစိုးရပိုင်းဆိုင်ရာပံ့ပိုးအားစိုက်မြှင့်တင်ရာတွင် ငါးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေး၊ သင်္ဘောကျင်းအာဏာပိုင် နှင့် အလုပ်သမားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေလိမ့်မည်။

ယင်းကဲ့သို့အနည်းငယ်ပြောင်းလဲခြင်းမျှသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် WFC ၂၀၀၇ ခုနှစ်သဘောတူညီချက်များကို ဥပဒေပြုအကောင်အထည်ဖော်ဆောင်ရွက်အတည်ပြုပေးခြင်းပင်ဖြစ်သည်။ ယနေ့အချိန်ထိမပြောင်းလဲသေးသော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အလုပ်သမားလူတန်းစားအပေါ်ရှေးရှုခြင်းဌာ ငါးဖမ်းလှေများ နှင့် အလျား ၂၄ မီတာအောက်ငယ်သော လှေများကိုစောင့်ကြည့်၍ ၎င်းလှေများတွင်လုပ်ကိုင်သော လှေလုပ်သားများဆိုင်ရာ သဘောတူညီချက်များကို လိုက်နာသင့်အပ်လှပေသည်။

# Conclusion
## နိဂုံးချုပ်





## နိဂုံးကောက်နှုတ်ချက်များ

၂၀၀၇ ခုနှစ်ထုတ် ငါးဖမ်းလုပ်ငန်းခွင်နှင့်ရေလုပ်သားများဆိုင်ရာ သဘောတူပြဌာန်းချက်များသည် အလုပ်သမားရပိုင်ခွင့်များဆိုင်ရာ အဓိကအခြေခံအကြောင်းတရားများဖြစ်သော ငါးဖမ်းလှေလုပ်သားများလူမှုဘဝဖူလုံပြည့်ဝရေး၊ လုပ်ငန်းခွင်လှေပေါ်နေထိုင်စားသောက်မှုကောင်းမွန်ရေး နှင့် အလုပ်ခန့်အလုပ်ပြောင်းခြင်းများအားလုံးကို ရည်ရွယ်ပြဌာန်းပေးထားပါသည်။ ဤပြဌာန်းချက်များသည် လူသားမဆန်စွာခိုင်းစေတတ်သော၊ လုံခြုံစိတ်ချရမှုမရှိသောလုပ်ငန်းမှန်သမျှပပျောက်ရေး နှင့် စီးပွားဖြစ်နှင့်အသေးစား ငါးဖမ်းလုပ်ငန်းများရှိ အလုပ်သမားများကို ကာကွယ်မှုအပြည့်ပေးနိုင်ရန်ဖြစ်သည်။

၂၀၀၄ ခုနှစ်တွင် ငါးဖမ်းဆီးလုပ်ငန်းကော်မတီ ကျင်းပခဲ့စဉ် ILC အထွေထွေအတွင်းရေးမှူးချုပ် က သုံးသပ်မှတ်ချက်ပေးသည်မှာ "ဤသဘောတူပြဌာန်းချက်များ၏ ငါးဖမ်းရေလုပ်သားများအတွက် အကျိုးမဲ့ဖြစ်စေနိုင်မှုမှန်သမျှကို ကာကွယ်ပေးနိုင်မှုကွန်ယက်အရ ဒါဟာလုံးဝအရေးပါအရာရောက်ပါသည်"။ ထို့ကြောင့် အထမြောက်ရန်အတွက်--ဤပိုက်ကွန်အကျယ်သည်ဖြင့်လျော့ကန်ပါသည်/ ကင်းလွတ်ချွင်းချက်များအားလုံးသည် မကြီးကျယ်လှပါ/ သို့သော် စီမံကိန်း အကောင်အထည်ဖော်မှု နှင့် လိုက်နာဆောင်ရွက်ရန်များသည် သေးငယ်သောကိစ္စမဟုတ်/" စသည်ဖြင့်နားလည်အပ်ပါသည်။ ကမ္ဘာအနှံ့ အစိုးရအာဏာပိုင်များ၊ အလုပ်သမားများ၊ လုပ်ငန်းရှင်များ နှင့် NGOs (အစိုးရမပါသော အဖွဲ့အစည်းများ) သည် WFC 2007 ပြဌာန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို အတူတကွတက်ညီလက်ညီပူးပေါင်းဆောင်ရွက်သင့်လှပေတော့သည်။

— Prepared by the International Collective
in Support of Fishworkers (ICSF)

www.icsf.net
icsf@icsf.net

## ငါးဖမ်းလုပ်ငန်းခွင်ဆိုင်ရာ အလုပ်သမားအခွင့်အရေး
## သဘောတူညီချက်များ ၂၀၀၇

ဤလမ်းညွှန်စာအုပ်သည် ၂၀၀၇ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့ တွင် အပြည် ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့ (ILO) မှ ကြီးမှူးကျင်းပခဲ့သော အလုပ်သမား ကွန်ဖရင့် (ILC) မှ ကောက်နှုတ် ပြဌာန်းချက်များကို သုံးသပ်၍ ငါးဖမ်းလုပ်ငန်းများ နှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို ယေဘုယျကျကျဖော်ပြလိုရင်းဖြစ်သည်။ အဆိုပါပြဌာန်းချက်များကို ပြင်ဆင်ထည့်သွင်းခြင်း၊ ဖြည့်စွက်ခြင်းများ ခွင့်မပြုပါ။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ရေလုပ်ငန်းရှင်များ၊ ငါးဖမ်းရေလုပ်သားများ (တံငါငယ်များ) နှင့် အခြားသော အဖွဲ့အစည်းများ အတွက် ILO ၏ ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်း နှင့် အလုပ်သမားဆိုင်ရာ ဥပဒေပြဌာန်းမှု သဘောတူညီ ချက်များအပေါ် ရှင်းလင်းစွာ သဘောပေါက် နားလည်စေရေး၊ လက်လုပ် လက်သား လှေထိုးသားများ နှင့် လက်လုပ်လှေငယ်များအတွက် နည်းပညာ ရှာဖွေနိုင်ရေး စသော အလားအလာကောင်းများရရှိရေး စသော ရည်ရွယ်ချက်များဖြင် သုံးသပ်ပြဌာန်းခြင်းပင် ဖြစ်ပါ သည်။

*ဤလမ်းညွှန်စာအုပ်အား www.icsf.net မှလည်းကူးယူရရှိနိုင်ပါသည်။*

ISBN 978 81 904590 5 1

www.icsf.net